WWW.DHAMMARANSI.COM

ဗုဒ္ဓမြတ်စွာသာသနာ
ရောင်ဝါဓနေ့သို့ထွန်းစေသော်

# တရားထူးရလိုသော်

## ဓမ္မဒါနပြုသည့်

ဩအင်းဒေသနာ-တရားစာ

(ယောဂီလက်စွဲ)

WWW.DHAMMARANSI.COM

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ဗုဒ္ဓမြတ်စွာ သာသနာ
ရောင်ဝါနေသို့ ထွန်းစေသော်

# တချွေးထူးရဖိုသော်

ဓမ္မဒါနပြုသည်

သဲအင်းဒေသနာ-တရားစာ
(ယောဂီလက်စွဲ)

WWW.DHAMMARANSI.COM

အကုသိုလ် မည်း ညစ်၊ တဆယ့်နှစ်ကို၊
စွန့်ပစ်ပယ်ခွါ၊ လွှတ်ကြောင်းရှာသား၊ ခန္ဓာ
ငါး၀၊ သမူဟကို 'ကဝိဓဇ' ဟုနာမမှည့်ခေါ်
တပည့်တော်သည်၊ ဤယခု ပဉ္စမ အကြိမ်
မြော်၊ ပြင်ဆင်ဖြည့်စွက်၊ တိုးချဲ့၍ စီစဉ်ရေး
သား၊ ပြုစုထားသော **'သဲအင်းဒေသနာ
တရားစာ'** ဖြင့်၊ ကျေးဇူးကြီးမား၊ သဲအင်း
ဆရာတော် ဘုရားကြီးအား၊ ကျိုးနွံမသွေ၊
ရိုသေလှစွာ၊ သဒ္ဒါဖြိုးဖြိုး၊ လက်စုံမိုး၍ ရှိခိုး
ပူဇော်ပါ၏၊ အရှင်ဘုရား....။

WWW.DHAMMARANSI.COM

မှော်ဘီခရိုင်၊ မှော်ဘီမြို့၊ နှောကုန်းရွာဂါမ
သဲအင်းဂူမဟာဝိဟာရ၏၊ ပဓါနနာယက၊



လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ ဓမ္မဝါစက
ကမ္မဋ္ဌာနာစရိယ၊ ဝိနယဓိကာဂရုက၊ သီလဝန်၊ ဝိပဿနာ
ပညာဝန်၊ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော
ကျေးဇူးတော်ရှင် သဲအင်းဆရာတော် ဦးဥက္ကဋ္ဌ ပုံ။

WWW.DHAMMARANSI.COM

# ပြည်ထောင်စုမြန်မာနိုင်ငံတော် သုဓမ္မာမဟာလေသာဂိုဏ်းကြီး၏ အကျိုးတော်ဆောင်ချုပ်



သထုံခရိုင်၊ ဘီးလင်းမြို့၊ လေသာပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ၊ ဝိသာရဒ၊ ဝိနယဓရ၊ ဖြစ်တော်မူသော တည်းဖြတ်သည့် ဆရာတော် ဦးဝါယမ ပုံ။

WWW.DHAMMARANSI.COM



တရားထူးရလိုသော် သဲအင်းဒေသနာ
တရားစာ ယောဂီလက်စွဲကျမ်းကို
ရေးသားပြုစုသော
သဲအင်း-**ဦးကဝိဓဇ** အရှင်သူမြတ်ပုံ။

WWW.DHAMMARANSI.COM

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်းလွှာ .... .... | ၅ |
| ၂ | တရားတောင်း .... .... | ၁၁ |
| ၃ | ရုပ်-နာမ်တို့၏သဘောတရား .... | ၁၃ |
| ၄ | မဟာဘုတ် ဓါတ်ကြီး လေးပါး သဘောလက္ခဏာ။ | ၁၆ |
| ၅ | ဓါတ်ကြီးလေးပါး မြွေနဂါး များနှင့် နှိုင်းထားပုံ။ | ၁၈ |
| ၆ | သောတာပန်အစားစား .... | ၂၄ |
| ၇ | တရားထူးရရန်တိုက်တွန်းချက် ... | ၄၀ |
| ၈ | အရိမေတ္တေယျဘုရားကို စောင့်မျှော်ခြင်း။ | ၅၁ |
| ၉ | ပဋိစ္စသမုပ္ပါဒ်လယ်တဲ့တရား .... | ၅၇ |
| ၁၀ | သံယောဇဉ်အနှောင်အဖွဲ့ .... | ၅၈ |
| ၁၁ | ခန္ဓာငါးပါးဖြစ်ပေါ်ပုံ .... | ၆၃ |
| ၁၂ | မီး(၁၁)ပါးဖြစ်ပေါ်ပုံ .... | ၆၃ |
| ၁၃ | သံသရာရှေ့အစွန်း-နောက်အစွန်း .... | ၆၅ |
| ၁၄ | ဒိဋ္ဌိအစွန်း(၂)ပါး .... | ၆၆ |
| ၁၅ | ပဋိစ္စသမုပ္ပါဒ်ရပ်တဲ့တရား .... | ၆၇ |
| ၁၆ | သတိပဋ္ဌာန်လေးပါး .... | ၆၈ |

WWW.DHAMMARANSI.COM

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇ | ပဋိစ္စသမုပ္ပါဒ်လွတ်မြောက်တဲ့တရား.... | ၇၁ |
| ၁၈ | သမထနှင့်ဝိပဿနာ .... | ၇၃ |
| ၁၉ | သမာဓိနှင့်ပညာ.... .... | ၇၄ |
| ၂၀ | အကြောင်းသတ်တရား– အကျိုးသတ်တရား ဥပမာပေးပုံ။ | ၇၅ |
| ၂၁ | ဓာတ်ကြီးလေးပါး အကြောင်းအကျိုး | ၇၉ |
| ၂၂ | ဗိုလ်ငါးပါး .... | ၈၀ |
| ၂၃ | ကျေးဇူးရှင်သဲအင်းဂူဆရာတော်ဘုရားကြီး၏ အဖိုးထိုက်တန်လှသော သြဝါဒကထာများ။ .... | ၈၃ |
| ၂၄ | ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ထံမှောက်၌ တရား အားမထုတ်မှီ ပရိကံယူပုံ။ .... | ၈၇ |
| ၂၅ | စိစဉ်ရေးသားသူ၏ဆုတောင်း .... | ၁၀၈ |

#### နိဒါန်းလွှာ

နမော တဿ၊ ဘဂဝတော၊ အရဟတော၊
သမ္မာသမ္ဗုဒ္ဓဿ။
ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော။
သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော
အနန္တော။
အာစရိယဂုဏော အနန္တော၊ [illegible]တာသံ အနန္တ
ဂုဏာသမ္ပန္နံ
အာဒရေန—နမာမဟံ။

ပုဗ္ဗကိစ္စ၊ အနန္တငါးဖြာ ဝန္ဒနာဂါထာ။

(၁) သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊
နှစ်ဖြာမိဘ၊ အနန္တကို၊
တုပ်ကွရှိကြိုး၊ လက်စုမိုး၊
ရှိခိုးပါ၏၊ အရှင်ဘုရား။

(၂) ဗုဒ္ဓ၊ ဓမ္မ၊ မြတ်သံဃာနှင့်၊
ဆရာမိဘ၊ အနန္တကို၊
စိတ်ကြည်ရော်၊ ရှိပူဇော်၊
ဖူးမြော်ပါ၏၊ အရှင်ဘုရား။ ။

WWW.DHAMMARANSI.COM



(၃) ရတနာသုံးဖြာ၊ မြတ်ဆရာနှင့်၊
မာတာပိတာ၊ အနန္တကို၊
စိတ်ကအစဉ်၊ မြတ်နိုးပင်၊
ဦးတင်ပါ၏၊ အနန္တာဘုရား။

## မှော်ဘီဒရိုင်

မှော်ဘီမြို့နှင့်-နီးမဝေး၊ ချမ်းအေးသာယာ၊ သစ်ဝါး-ပန်းတွေ ဝေဝေဖြာလို့၊ သဲအင်းရေ ပတ်ခါဝိုးလျက်၊ ကြေးစည် ထိုးစည် ဗဟိုရ်စည်နှင့်သံသာချိုမြည် "မာကြူရိ" ရောင်၊ ပြာလဲ့ ဝင်းထိန်၊ ဂုဏ်ရှိန်မညှိုး၊ စေတီပုထိုးနှင့် 'ဂူ'၊ ကျောင်း၊ 'သိမ်' လည်း၊ အုံ့ချိုးမကုန်၊ ဓမ္မာရုံကြီး၊ အရိယာဇာတ်၊ မွေးထုတ်သတ်ရ၊ ဇရပ်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ နှလုံးမွေ့လျော်ဖွယ် ရှိလှတယ်လို့၊ မြို့နယ်ပေါင်းစုံမှ၊ ယောဂီအများ ခိုလုံဘိုလာ၊ ဝိပဿနာ-ပညာပဒေသာ ဆွတ်ခူးရာ၊ ဘူမိကျက်သန်၊ မှန်ကန်ပေစွ၊ နေ့ကုန်းရွာဂါမသဲအင်းဂူ မဟာဝိဟာရ၌၊ သိတင်းသုံးနေထိုင်တော်မူစေသာ၊ ပဋိပတ္တိ သာသနာဘောင်ဘက်တွင်၊ အကျင့်

WWW.DHAMMARANSI.COM



စခန်း၌၊ ရွာမှ ရှားလှသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ပေထသော၊ စတုပါရိသုဒ္ဓိသီလ၊ အာစာရ၊ ဂေါစရ၊ စသည်တို့၌ အညစ်အကြေးမဘင်၊ လွန်စွာဖြူစင် သန့်ရှင်း တော်မူသည့် အားလျော်စွာ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော၊ ဂုဏ်တို့နှင့် မွှေးထုံ သင်းပျံ့ရနံ့ကိတ္တိ ကျော်စောခြင်း ရှိတော် မူပေ ထသော၊ ကမ္မဋ္ဌာနာစရိယ 'ဦးဥက္ကဋ္ဌ'ဟု နာမည်တွင် ကျေးဇူးတော်ရှင်၊ ဆရာတော်ဘုရားကြီး ရည်၊ များ လှတွက်ရေ၊ ဝေနေယျနွဂူ၊ ရှင်လူအပေါင်း များ မြောင်လောက၊ ဝေနေယျတို့ကို၊ မဂ်ဖိုလ်သို့အမြိုက်၊ ရထိုက်သင့်သူ ရစေဟူ၍ကြည်ဖြူသော ဂရုဏာတော် ရှင်း နှလုံးသွင်း ရှိတော်မူပါသည်နှင့်အညီ၊ ။

ဤမည်သော—နွေကုန်းရွာ ဂါမ၊ အုန်း နဲ့ ပင် မူလ၌၊ အရိုးကြေကြေ အရေနမ်းခမ်း၊ "လူသေလျှင် သေ၊ မသေ တရားရ"ဟု နှစ်ဆယ့်တလ ရေတွက် ဆမျှ၊ ထိုင်ရာမထ၊ အံ့မခန်းလိလိ၊ ဇွဲသတ္တိနှင့်ကျင့်ကြံ ကြိုးကုတ် အားထုတ်လာခဲ့ရာမှ၊ မိမိခန္ဓာ၌ ရှာဖွေရရှိ ထားသောရုပ်-နာမ်တို့၏သဘာဝလက္ခဏာ၊ သာမည လက္ခဏာ အစရှိသော၊ ကိုယ်တွေ့ တရားထူး၊ တရား မြတ်တို့ကို၊ ပါဠိမဘက်၊ မြန်မာဘာသာ - သိသာမှတ် လွယ် အဓိပ္ပါယ်ထုတ်ဖော်၊ စကားပြေ သက်သက်ဖြင့်

WWW.DHAMMARANSI.COM



နေ့မအား–ညဥ့်မအား၊ ဟောကြားအပ်သော "သဲအင်းဒေသနာ" ထုံးတမ်းနည်းနာ အဖြာဖြာတို့မှ အရေးကြီးသည့် အနှစ်အရသာ၊ အဆီအသားများကို ကောင်းနိုးရာရာ ထုတ်နှုတ်၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဆန္ဒနှင့် ခွင့်ပြုချက်အရ၊ (က) ကာလမြင့်ကြာ၊ အဓွန့်ရှည်စွာ၊ ပဋိပတ္တိ သာသနာတော် တည်ထွန်းပြန့်ပွား၍ ရှင်လူအများ ကြည့်ရှုမှတ်သားနားလည်သဖြင့် ဟုတ်မှန်စွာ သိမြင်ကြရခြင်း အကျိုးငှာရင်း၊ (ခ) ထို့ပြင်တဝ၊ တကယ်တန်း ဆရာတော်ဘုရားကြီးအား ကြည်ညို လေးစား ကြသူ ဟူသမျှတို့သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ နေ့စဉ်နှင့် အမျှ ဆုံးမကြြဝါဒပေးလျက်ရှိသော တရားဒေသနာ အဖြာဖြာတို့ကို၊ မမေ့မလျော့ ကောင်းစွာသတိပြု၍ လိုက်နာ ကျင့်သုံးခြင်းအားဖြင့် မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်စေ၍၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ကျေးဇူးတုံ့ပြန်ပေးဆပ်ရန်အနေကျစေခြင်းငှာရင်း၊ ဤသို့ထောက်ဆ၍၊ အာမိသ ဒါနတကာတို့ထက်၊ ရာထောင်မက၊ ဆဆလွန်သော၊ အကျိုးအာနိသင်ရှိသော ဓမ္မာနုဓမ္မပဋိပဒါ၊ သာသနာနုဂ္ဂဟ၊ ဓမ္မဒါန ကုသိုလ်ထူးပညာကို ဖြည့်လိုရသော၊ မနောပဏိဓိရှိကြီး ရှိလှသဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဟော ကြားပုံ၊ ဟောကြားနည်း အတိုင်း၊ မိမိကိုယ်တိုင်

WWW.DHAMMARANSI.COM



စီစဉ်ရေးသား "နိဗ္ဗာနသုခ၊ မမွှ ဒါန" အဖြစ်ဖြင့် ဖြန့်ချိ လိုက်ပါသတည်း။

ဦးကဝိဓဇ
(ယခင်) ဦးနန်းညွန့်
ဗုဒ္ဓသာသနာ အကျိုးဆောင်
တရားယောဂီ
သံအင်းဂူကျောင်းတိုက်
နှောကုန်းကျေးရွာ
မှော်ဘီမြို့၊ မှော်ဘီခရိုင်။

သာသနာသက္ကရာဇ်-၂၅၁၂။
၁၃၃၀-ခု၊ တော်သလင်းလဆန်း။
(၁၁)ရက်၊ တနင်္လာနေ့။
၁၉၆၈-ခု၊ စက်တင်ဘာလဆန်း ၂ ရက်နေ့။

WWW.DHAMMARANSI.COM

## အထူးသတိပြုရန်

ယခု "နိဗ္ဗာနသုခ" "ဓမ္မဒါန"အဖြစ်ဖြင့် ထုတ်ဝေသော တရားစာအုပ်တွင် တစုံတရာ အမှားအယွင်း တွေ့ရှိပါက၊ စီစဉ် ရေးသားသူ၏ တာဝန်သာ ဖြစ်ပါသည်။

## အထူးတောင်းပန်ချက်

အနုဿုယာ၊ သုတပါးတို့အား၊ ငြူစူချုပ်ချယ်ခြင်းမရှိကုန်ထသော၊ ဝဏ္ဏိတာ၊ ပညာရှိတို့သည်ချီးမွမ်းအပ်ကုန်ထသော၊သုတသမ္ပန္နာ သုတနှင့်ပြည့်စုံကုန်ထသော၊သဇ္ဇနာ၊သူတော်ကောင်းစင်စစ် ဖြစ်ကုန်ထသော၊ ပဏ္ဍိတာ၊ ပညာရှိတို့သည်၊ ဧတ္ထ ဤအကျဉ်းပ် ရေးစီရင်အပ်သော "သဲအင်းဒေသနာ တရားစာ" ၌၊ ဝါကျာနုသန္ဓိံ၊ ရှေ့နောက်စကား၊ အထားအသို၊ အဆိုအမြွက်၊ အဆက်အဟပ် တို့ကို၊ မိနေတွာ-ပညာဖြင့်နှိုင်းချိန်၍၊သစေအယုတ္တံ၊ အကယ်၍ မသင့်သော အရာထင်အံ့၊ တံ၊ ထိုမသင့်သောအရာကို၊ သဇ္ဇန္တု၊ လောင်းနှုတ်စီရင် ပြုပြင်ဆင်တော်မူစေကုန်သတည်း။

WWW.DHAMMARANSI.COM

# တရားတောင်း

ဘန္တေ၊ သိက္ခာသုံးပါး၊ တရားလက်ကိုင်၊ မယိုင်မယိမ်း၊ ထိန်းသိမ်း ဖြည့်ကျင့်တော် မူလေ့ ရှိသဖြင့်၊ ဒက္ခိဏေယျ၊ပရမတ္ထနှယ်လာ၊အရိယာဝံသ၊ကလျာဏထေရ်ရှင်၊ သီလဝန် သခင်၊ ဝိပဿနာ ပညာဝန်၊ ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော၊ ကျေးဇူးကြီးမား သဲအင်းဆရာတော်ကြီးဘုရား။ ။

လေးပါးသြဃ၊ နီဝရဏအဝိဇ္ဇာ၊ ပိတ်ကာဖုံးအုပ်နာမ်–ရုပ်နှစ်ပါး သက္ကာယလှည့်ဖြားရှ်၊လိုက်စားမေ့မော်၊ မွေ့လျော်ကြသော၊ တပည့်တော်-တပည့်တော်မှ အပေါင်းတို့သည်၊ ခနောင်းအဏ္ဏဝါ၊ သံသရာပွက်ဝဲဂယက်မှ၊ လွတ်ထွက်ကူးမြောက်လိုသောဆန္ဒ၊ အာလယနှလုံးသွင်းဖြင့်၊ ပဋိသန္ဓေ တည်နေဖွားမြင်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှ၊ ကင်းလွတ်ဝေးကွာ၊ ချမ်းသာစေကြောင်း၊ကောင်းမြတ်သောဓမ္မသုစရိတာဆယ်ပါး၊ ဈာန်မဂ်ဖိုလ်တရား၊ သွားရောက်ရန်ခရီး၊ ဝေးနီးဝေဘန်၊ ခြိုးခြံကျင့်သုံး၊ နှလုံးမပေါ့၊ မမေ့လျော့အပ်သော၊ ဘာဝနာပရာယန၊ ပညာဖွေဖေါ်၊ ဝိပဿနာ-ခန္ဓာဉာဏ်တွေ့တရားတော်ကို၊ယခုရောက်လာ တပည့်ဒါယကာ-ဒါယိကာမတို့အား၊ သနားဂရုဏာ၊ ရှေးရှုတော်မူပါသဖြင့်၊ အသူတရာ နက်လှ

WWW.DHAMMARANSI.COM



စွာသော၊ သေလာချောက်ကြားမှ၊ ပုဏ္ဏားကိုပင်၊ လောင်းတော်ကျောပြင်၊ ဝေါအသွင်သို့၊ ကယ်တင်သည့်အတူ၊ နိဗ္ဗူ ပါ ရင် ကမ်း သောင် ပြင် သို့၊ "ဖေါက" လေယာဉ်၊ ကဲ့အသွင်ဖြင့်၊ ဆောလျင်စွာပင်၊ ကယ်တင်နူးညွတ်၊ ချွတ်တရား၊ ထူးထူးခြားခြား၊ ဟောကြားဆုံးမ၊ ပို့ဆောင်တော်မူပါမည့်အကြောင်းကို၊ ဦးခေါင်းထိပ်ထက်၊ ဆယ်စုံရွက်၍၊ ကပ်ဆက်ဝန္ဒနာ၊ လျှောက်ဝံ့ပါသည်။ ။

သဲအင်းဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား....။

## ဒါယကာကြီးတို့-ဒါယိကာမကြီးတို့

တရားအချီး။ ယခုအခါ မနုဿတ္တ ဒုလ္လဘ-ရခဲသောတရား၊လူရယ်လို့ဖြစ်လာရပြီး၊ဓမ္မရတနာတွေလဲပွင့်လင်းလို့နေပြီ၊ 'ဂေါတမ' ရှင်တော်မြတ်ဘုရား၏နောက်ပိတ်ဆုံးသာသနာတော်ကြီးနှင့်လဲကြုံကြိုက်၍နေပြီဤကဲ့သို့အကြောင်းသုံးပါးဆုံဆည်းလို့နေခိုက်မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နှင့် မနေကြနှင့် သားတွေ သမီးတွေနှင့်ပျော်၊ စိန်တွေ ရွှေတွေနှင့်ပျော်၊ တိုက်တွေ တာတွေနှင့်ပျော်၊ မော်တော်ကားကြီးတွေနှင့်ပျော်၊ ဘိုင်စကုတ်တွေနှင့်ပျော်၊ လောကီအာရုံ ကာမဂုဏ်တွေနှင့် ပျော်ပါးပြီး မနေကြနှင့်၊

WWW.DHAMMARANSI.COM



ဓမ္မတာ ဒါနမှုကလေးတွေ၊ ဓမ္မတာ သီလမှုကလေးတွေ၊ ဓမ္မတာ သမထမှု ကလေးတွေနှင့် တင်းတိမ်မနေကြနှင့်၊ ဓမ္မတာဒါန၊ ဓမ္မတာသီလတွေကကံအလုပ်၊ ကံပေါ်ချိန်မှာတော့ အကျိုးပေးလိမ့်မယ်။

ကံမပြတ်ဘူး၊ ကံပြတ်ဖို့က 'ဉာဏ်' အလုပ်လုပ်ရလိမ့်မယ်၊ ဉာဏ်အလုပ်ဆိုတာ ဝိဇ္ဇာဉာဏ်ဖြင့်သိအပ်သော 'အနတ္တ'ကို အမှန်မြင်-အမှန်သိအမှန်ထင်ရမယ်၊ အမှန်မြင်ရမှာက-ရုပ်နှင့်နာမ်၊ အမှန်သိရမှာက ရုပ်နာမ်တို့၏ သဘော-သဘာဝလက္ခဏာ၊ ဦးပဥ္စင်းကတော့ 'ပါဠိ'တော့ မတတ်တော့ ပါဠိတွေ ရွတ်မပြနိုင်ဘူး၊ အရိုးကြေကြေ အရေခမ်းခမ်း၊ လူသေလျှင်သေ၊ မသေတရားရဆိုတဲ့ ဇွဲသတ္တိနှင့်(၂၁)လလုံးလုံး ထိုင်ရာမထ ကျင့်ကြံ အားထုတ်လာခဲ့သဖြင့် မိမိခန္ဓာမှာ ရှာဖွေ တွေ့ရှိထားတဲ့ သဘောတရားတွေကိုသာ ပြောမယ်၊ သဲဘောဟုတ်မှ လောကုတ်လို့ ဆိုဘယ်၊ တရားနာတာ 'အသံ'ကို မနာကြနှင့်'သဘော'ကိုသာ ကောင်းစွာနှလုံးသွင်းပြီး နာယူမှတ်သားကြပါ။

## ရုပ်-နာမ်တို့၏ သဘောတရား

မျက်စိကလဲ—သဘောတရား။

နားကလဲ—သဘောတရား။

နှာခေါင်းကလဲ—သဘောတရား။

WWW.DHAMMARANSI.COM



ပါးစပ်ပေါက်ကလဲ-သဘောတရား။
ကိုယ်ပေါက်ကလဲ-သဘောတရား။
မနောပေါက်ကလဲ-သဘောတရား။

တလောကလုံး-ရုပ်-နာမ်သဘောတရားသာရှိတယ်။

(က) ရုပ်၏သဘောတရားက-သဘာဝလက္ခဏာ သာမညလက္ခဏာ။

(ခ) နာမ်၏သဘောတရားက၊သဘာဝလက္ခဏာ သာမညလက္ခဏာ။

(ဂ) အသုဘ၏ သဘော တရား က-သဘာဝ လက္ခဏာ သာမညလက္ခဏာ။

ဒီလက္ခဏာ သဘာဝ တရား သဘောတွေကိုသာ အမှန်အတိုင်း သိနေလျှင်တော့ ဒိဋ္ဌိနှင့် တဏှာသေမှာ ဒိဋ္ဌိနှင့် တဏှာသေမှသာ နိဗ္ဗာန် ရောက်နိုင်တယ်၊ ဒါကြောင့် ဒိဋ္ဌိနှင့် တဏှာတဲ့သတ်ဘို့လိုတယ်။ ဒကာကြီးတို့-ဒကာမကြီးတို့ သံသရာ လဆန်းက သိလာကြတာက-

## လူတိုင်း လူတိုင်း အသိ အမြင်*

မြင်တယ်လို့ သိလျှင် ငါမြင်တယ်။
ကြားတယ်လို့ သိလျှင် ငါကြားတယ်။
နံတယ်လို့ သိလျှင် ငါနံတယ်။
စားတယ်လို့ သိလျှင် ငါစားတယ်။

WWW.DHAMMARANSI.COM



ထိတယ်လို့ သိလျှင် ငါထိတယ်။

သိစိတ်ကလေးက သိလျှင် ငါသိတယ်လို့သာ သိလာကြတယ်။

ဒီလိုသိတာက လူတိုင်းလူတိုင်း အသိသာ ဖြစ်တော့တယ်၊ လူတိုင်းလူတိုင်း သိသလိုသာ သိနေရင်တော့၊ လူတိုင်းလူတိုင်း သွားရမဲ့ လမ်းကိုသာ သွားရမှာဘဲ၊ 'ငါ' လွတ်အောင် လုပ်ကြ၊ 'ငါ' လွတ်မှ အပါယ်လွတ်မယ်၊ သိရမှာက သဘာဝဓါတ်ဘဲ။

## သဘာဝဓါတ်

(၁) မျက်စိက မြင်တာက သဘာဝဓါတ်၊ အဆင်းကလဲ သဘာဝဓါတ်။

(၂) နားကကြားတာက သဘာဝဓါတ်၊ အသံကလဲ သဘာဝဓါတ်။

(၃) နှာခေါင်းကနံတာက သဘာဝဓါတ်၊ အနံ့ကလဲသဘာဝဓါတ်။

(၄) ပါးစပ်က စားတာက သဘာဝဓါတ်၊ ရသာကလဲ သဘာဝဓါတ်။

(၅) ကိုယ်က ထိတိုက်တာက သဘာဝဓါတ်၊ အတွေ့ကလဲသဘာဝဓါတ်။

(၆) မနောက သိလိုက်တာက သဘာဝဓါတ်၊ ဓမ္မကလဲ သဘာဝဓါတ်။

WWW.DHAMMARANSI.COM



ဒီလိုအမှန်အတိုင်း သိရမှာ ဖြစ်တယ်၊ ဒီတော့မှ လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတွေ မဝင်မှာ၊ ဘုရားက ဧကဝစန်၊ တခွန်းတည်းသောစကား မိန့်ကြားခဲ့တယ်၊ 'ဓါတ်' တဲ့။ ခန္ဓာထဲကပစ္စုပ္ပန်ဖေါ်ပြတဲ့သဘောဟာဓါတ်ဘဲ၊ မိမိခန္ဓာ၌ ဓါတ်သဘောတွေကို ဝိပဿနာဉာဏ်၊ ဝိပဿနာပညာဖြစ်အောင် ရှုမှတ်ဆင်ခြင်ပွားများရမယ်၊ 'ခန္ဓာ' ဆိုတာ ရုပ်နှင့်နာမ်ဘဲ၊ ရုပ်လို့ ခေါ်ရတာက ပညတ်၊ နာမ်လို့ခေါ်ရတာကပညတ်၊ ရုပ်နှင့်နာမ်ကလဲ သဘောတရားသာရှိတယ်။ အသုဘရုပ်ပေါ်က ပုတ်တာ ပွတာဖေါ်ပြတဲ့ သဘောကလည်း ဓါတ်ပါဘဲ။

'အာနာပါန သတိ' ကိုယူလိုက်တဲ့အခါ၊ ကနဦးစိတ်ကလေးဟာ မိမိရှိုက်ရှူနေသောလေကို၊ ဝင်တာကလေးကိုလဲသိ၊ ထွက်တာကလေးကိုလဲသိ၊ 'အသိတလုံးအမြတ်ဆုံးလို့' ဘုရားက ဟောတယ်၊ မိမိနှာသီးဝ၌ ဝင်လေ - ထွက်လေကို အသိကပ်ကြရမယ်၊ အသိမကင်းကြရဘူး၊ ဝင်လေကိုလဲ ဝင်တယ်၊ ထွက်လေကိုလဲ ထွက်တယ်လို့ မှတ်မနေရဘူး၊ ဝင်လေကို ဗဟိဒ္ဓမှကန်တဲ့သဘော၊ ထွက်လေကိုအဇ္ဈတ္တမှတွန်းတဲ့သဘောဟူ၍-

**မဟာဘုတ်ဓါတ်ကြီးလေးပါး၏သဘောလက္ခဏာ**

(၁) ဝါယောဓါတ်ရဲ့ သဘော လက္ခဏာကို

WWW.DHAMMARANSI.COM



သာ ရှုမှတ်ဆင်ခြင်နေရမယ်။ အဲဒီလို ဝါယောဓါတ်ရဲ့ သဘောလက္ခဏာကို ရှုမှတ်ဆင်ခြင်နေရာမှ ကြာကြာ ထိုင်လာတော့—

တင်းတာပေါ်လာလိမ့်မယ်၊ တင်းတာပျက်ပြီး၊ တောင့်တာပေါ်လာလိမ့်မယ်၊ တောင့်တာပျက်ပြီး၊ ထုံတာပေါ်လာလိမ့်မယ်၊ ထုံတာပျက်ပြီးတော့၊ ကျင်တာ ပေါ်လာလိမ့်မယ်၊ ကျင်တာ ပျက်ပြီးတော့၊ အောင့်တာ ပေါ်လာလိမ့်မည်၊ အောင့်တာပျက်ပြီးတော့၊ ကိုက်တာပေါ်လာလိမ့်မယ်၊ အဲဒါတွေက—

(၂) ပထဝီဓါတ်ရဲ့ သဘောလက္ခဏာတွေဘဲ၊ (စာလိုတော့ [illegible] ပထဝီ၊ နူးညံ့ ပထဝီလို့ ဆိုတယ်)။ နောက်တကိုယ်လုံး [illegible]းတွေယိုကျ ချွဲတွေ[illegible]ပ်တက်၊ ဆို့တက်၊ နှာရည်တွေစီးကျ၊ ဒါတွေက (၃) အာပေါဓါတ်ရဲ့ သဘောလက္ခဏာတွေဘဲ၊ နောက်တကိုယ်လုံး ပူတာပေါ်လာမယ်၊ အေးတာ ပေါ်လာမယ်၊ ဒါတွေက (၄) တေဇောဓါတ်ရဲ့ သဘောလက္ခဏာတွေဘဲ။

တင်းတာပေါ်လာလျှင် တင်းတာအစ၊ တင်းတာအလယ်၊ တင်းတာ အဆုံးကိုလိုက်ပြီး သိလိုက်ကြ။ တောင့်တာပေါ်လာလျှင် တောင့်တာအစ၊ တောင့်တာအလယ်၊ တောင့်တာအဆုံးကို လိုက်ပြီး သိလိုက်ကြ။

WWW.DHAMMARANSI.COM



## ပေါ်သည့်ဓါတ်တခုပေါ်၌ စလယ်ဆုံးလိုက်ရန် ဥပါဒ်-ဌီ-ဘင်

အခြားဘာဓါတ်ဘဲ ပေါ်ပေါ် အစ-အလယ်-အဆုံး ကိုသာ (စာလိုတော့ ဥပါဒ်၊ ဌီ၊ ဘင်လို့ဆိုတယ်)လိုက်ပြီး သိလိုက်ကြ၊ဒါကသမထဘဲ၊သင်တန်းအစဘဲ စိတ်ကလေးတည်ငြိမ်အောင်ဒီတရားပေးတာ၊

ဓါတ်သဘော ဓါတ်ဆောင် နေတယ်ဆိုတာသဘော ပေါ်ကြရမယ်၊ ကနဦး ပေါ်လာတဲ့ဓါတ်က မိမိကို သတ်မည့်ဓါတ်ဟု မှတ်ပါလေ။

## ဓါတ်ကြီးလေးပါး မြွေနဂါးများနှင့် နှိုင်းထားပုံ

(၁) ပထဝီဓါတ် ကသတ်မဲ့ပုဂ္ဂိုလ်ကြတော့တင်းတာ-တောင့်တာ-ထုံတာ- ကျင်တာ- အောင့်တာ-ကိုက်တာ စသဖြင့် ပေါ်လာလိမ့်မယ်၊ အစ-အလယ်အဆုံးကိုသာ လိုက်သိကြ။

(စာလိုတော့ 'ကဌမုခ' မြွေကိုက်သကဲ့သို့တောင့်တင်း၊ မာကြော၊ ကြမ်းသည်ဖြစ်၍ဆိုတယ်)။

(၂) အာပေါဓါတ်က သတ်မဲ့ပုဂ္ဂိုလ်ကြတော့ချွေးတွေယိုစီး၊ နှပ်တွေဖွဲ့စည်း၊ ခွဲတွေ ကြွပ်တက် စသဖြင့် ပေါ်လာလိမ့်မယ်၊ ပေါ်လာတဲ့ ဓါတ်ကိုအစ-အလယ်-အဆုံးကိုသာ လိုက်သိကြ။

WWW.DHAMMARANSI.COM


(စာလိုတော့ 'ပုတိမုခ' မြေကြိုက်သကဲ့သို့ပုပ်ခြင်း၊ ရောင်ရမ်းခြင်း၊ ယိုစီးခြင်း ဖြစ်၏ဆိုတယ်)။

(၃) တေဇောဓါတ် က သတ်မဲ့ပုဂ္ဂိုလ်ကြတော့ တကိုယ်လုံးပူလာမယ်၊ လောမယ်၊ ပူတာအစ-ပူတာ အလယ်-ပူတာ အဆုံး၊ တော အစ-တော အလယ်၊ တောအဆုံးကို လိုက်သိကြ။

(စာလိုတော့ 'အဂ္ဂိမုခ' မြေကြိုက်သကဲ့သို့ပူလောင် သည်ဖြစ်၏ဆိုတယ်)။

(၄) ဝါယောဓါတ် ကသတ်မဲ့ပုဂ္ဂိုလ်ကြတော့ လက်တွေ ခြေတွေ လှုပ်ရှားလာမယ်၊ ရင်တွေတုံလာ မယ်၊ ခေါင်းတွေမူးလာမယ်၊ ပေါ်လာတဲ့ဓါတ်ကို အစ-အလယ်-အဆုံးကိုသာ လိုက်သိကြ။

(စာလိုတော့ 'သတ္တမုခ' မြေကြိုက်သကဲ့သို့ ထက် ဝန်းကျင် အပိုင်းပိုင်းပြတ်သည်ဖြစ်၏ဆိုတယ်)။

(က) ပထဝီကိုက်တော့ ကြမ်းလို့သေ။
(ခ) အာပေါကိုက်တော့ ယိုစီးသေ။
(ဂ) တေဇောကိုက်တော့ ပူလောင်သေ။
(ဃ) ဝါယောကိုက်တော့အပိုင်းပိုင်းပြတ်လို့သေ

ဓါတ်ကြီးလေးပါး၊ မြေနဂါးတွေ ဤကိုယ်ခန္ဓာ အမြဲတန်းစဲ့လို့သေ တဲ့။

ဒကာကြီး-ဒကာမကြီးတို့၊ မိမိ 'ခန္ဓာ' မှာဓါတ် သဘော လက္ခဏာတွေ ရှုမှတ် ဆင်ခြင် ပြီးနောက်၊

WWW.DHAMMARANSI.COM



သစ္စာလေးပါး မြတ်တရားကို ရှာကြရမယ်၊မိမိခန္ဓာ၌ သစ္စာလေးပါး တရားကို အမှန် မြင်အောင်၊ ကိုယ်တိုင်သိအောင်၊ ကိုယ်တိုင်ရအောင် ရှုမှတ် ဆင်ခြင် ပွားများနေကြရမယ်။

သစ္စာလေးပါး

(က) ဓါတ်ကြီးလေးပါး ပေါ် လာ သဖြင့်၊ ရုပ်-နာမ်ကို ဆင်ခြင်သိမ်းဆည်း တော်သော သတိသည်၊ ဒုက္ခသစ္စာ မည်တယ်။

(ခ)ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော ပယ်ရမည့် လောဘ စေတသိက်သည် သမုဒယသစ္စာ မည်တယ်။

(ဂ) ထိုသစ္စာ(၂)ပါးတို့၏ မဖြစ်ရာ၊ ချုပ်ရာ၊ တဏှာကုန်ဆုံးရာ ဖြစ် သော နိဗ္ဗာန်သည် နိရောဓ သစ္စာ မည်တယ်။

(ဃ) ထိုနိရောဓသစ္စာကို အာရုံပြု၍ ပွါးရမည် ဖြစ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် မဂ္ဂသစ္စာ မည်တယ်။

(၁) ပွားမှုသတိထင်—မဂ္ဂသစ္စာပင်၊
(၂) ပေါ် မှုရုပ်နာမ်ထင်—ဒုက္ခသစ္စာပင်၊
(၃) ပယ်မှုလောဘထင်—သမုဒယသစ္စာပင်၊
(၄) ချုပ်မှုတဏှာထင်—နိရောဓသစ္စာပင်၊ ယခု ပြောဟော လိုက်တာက 'ပရိယတ်' ခန္ဓာ မှာရှာလိုက်တာက 'ပဋိပတ်' တရားဘဲ။

WWW.DHAMMARANSI.COM



## ခန္ဓာငါးပါး

'ခန္ဓာ' က ငါးပါးရှိတယ်—

(၁) မြင်နေတာကရုပ်'ရူပက္ခန္ဓာ'၊(စာလိုတော့ ရေမြှုပ် ရေစိုင်ခဲနှင့်တူတယ်လို့ ဆိုတယ်)။

(၂) နာမ်က အာရုံသို့ ရှေးရှု ညွတ်တတ် ခံစားတတ်တာက 'ဝေဒနက္ခန္ဓာ'၊ (စာလိုတော့ ရေပွက်နှင့်တူတယ်လို့ ဆိုတယ်)။

(၃)သညာက သညာပေးနေတာက'သညက္ခန္ဓာ' (စာလိုတော့ တံလျှပ်နှင့်တူတယ်လို့ ဆိုတယ်)။

(၄) သင်္ခါရက ဝေဒနာကိုပြုပြင်ပေးနေတာက 'သင်္ခါရက္ခန္ဓာ'၊(စာလိုတော့ ငှက်ပျောတုံးနှင့် တူတယ်လို့ ဆိုတယ်)။

(၅) သိမှုကလေး၊ သိပြီးတော့လဲ ပျက်တဲ့ သဘောမျှသာ ဖြစ်တယ်ဆိုတာက 'ဝိညာဏက္ခန္ဓာ'၊ (စာလိုတော့မျက်လှည့်အမှုနှင့်တူတယ်လို့ ဆိုတယ်)။

ခန္ဓာငါးပါးအကြောင်းပြောပြီးတော့။

ရုပ်-နာမ်နှစ်ပါး၏သဘာဝလက္ခဏာတွေကိုပြောပြမယ်။ ခန္ဓာငါးပါးဆိုတော့ ရုပ်-နာမ်နှစ်ပါးပါဘဲ။

## ရုပ်၏ သဘာဝ လက္ခဏာ ကတော့

ရုပ်၏ သဘာဝလက္ခဏာ ပြောင်းလဲတဲ့သဘော [illegible]

(၁) မျက်စိနှင့်အဆင်း [illegible] ပြောင်းလဲတဲ့သဘော။

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်
၁၀၅၈၃

WWW.DHAMMARANSI.COM



(၂) နားနှင့်အသံ တိုက်ခိုက်တိုင်း ပြောင်းလဲတဲ့သဘော။

(၃) နှာခေါင်းနှင့်အနံ့ တိုက်ခိုက်တိုင်းပြောင်းလဲတဲ့သဘော။

(၄) လျှာနှင့်ရသာ တိုက်ခိုက်တိုင်း ပြောင်းလဲတဲ့သဘော။

(၅) ကိုယ်နှင့်အတွေ့ တိုက်ခိုက်တိုင်း ပြောင်းလဲတဲ့သဘော။

(၆) မနောနှင့် ဓမ္မ ပေါင်းဆုံတိုင်း ပြောင်းလဲတဲ့သဘော စသည်ဖြင့်ရုပ်၏သဘာဝလက္ခဏာတွေကို အမှန်အတိုင်း သိနေရမယ်။

## ရုပ်၏ သာမည လက္ခဏာ ကတော့

ရုပ်၏သာမညလက္ခဏာ ဖေါက်ပြန်တဲ့သဘော

(၁) အအေးကိုမြင်လျှင်ဖေါက်ပြန်တဲ့သဘော၊

(၂) အသံကိုကြားလျှင်ဖေါက်ပြန်တဲ့သဘော၊

(၃) အနံ့ကိုနံလျှင် ဖေါက်ပြန်တဲ့သဘော၊

(၄) အရသာကို စားလျှင် ဖေါက်ပြန်တဲ့ သဘော။

(၅) အတွေ့ကို ထိလျှင် ဖေါက်ပြန်တဲ့သဘော၊

(၆) မနောနှင့်ဓမ္မ ပေါင်းဆုံလျှင် ဖေါက်ပြန်တဲ့သဘော၊ စသဖြင့် ရုပ်၏ သာမညလက္ခဏာတွေကို အမှန်အတိုင်း သိနေရမှာ။

မဟာဘုတ် ဓါတ်ကြီးလေးပါးကလဲ ပြောင်းလဲ တဲ့သဘော။

အသုဘတရား(၁၀)ပါးကလဲ ပြောင်းလဲတဲ့ သဘော။

ပြောင်းလဲ့ ဖေါက်ပြန်တဲ့ သဘောကိုသာ မြင်နေ လျှင်တော့။

ဆန္ဒကြွေတဲ့ သဘော

(၁) အဆင်းပေါ်မှာလဲ ဆန္ဒသညာကြွေတယ်၊
(၂) အသံပေါ်မှာလဲ ဆန္ဒသညာကြွေတယ်၊
(၃) အနံ့ပေါ်မှာလဲ ဆန္ဒသညာကြွေတယ်၊
(၄) အရသာပေါ်မှာလဲ ဆန္ဒသညာကြွေတယ်၊
(၅) အတွေ့ပေါ်မှာလဲ ဆန္ဒသညာ ကြွေတယ်၊
(၆) ဓမ္မပေါ်မှာလဲ ဆန္ဒသညာ ကြွေတယ်၊

ဤသို့လျှင် ဆန္ဒသညာ ကြွေခြင်း အာရုံ (၆) ပါးနှင့် တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း ရုပ်တို့၏ သဘာဝ လက္ခဏာက ပြောင်းလဲတဲ့ သဘောတရား ရုပ်ဘို့၏ သာမည လက္ခဏာက ဖေါက်ပြန်တဲ့သဘော တရား၊ ၎င်းပစ္စုပ္ပန် သဘောတရားတွေကို အမှန် အတိုင်း သိမြင်သောပုဂ္ဂိုလ် အပေါင်းဟာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ(၂)ပါးကို ပယ်သတ်ပြီးဖြစ်၍၊ သောတာ ပတ္တိမဂ်၊ သောတာပတ္တိဖိုလ် ဆိုက်ရောက်ကြသူများ ဟု ဆိုအပ်ပါ၏။ (စာလိုးတော့ သောတာပန် က

WWW.DHAMMARANSI.COM



## သောတာပန် အစားစား

(၁) ဧကဗီဇ သောတာပန်၊

(၂) ကောလံကောလ သောတာပန်၊

(၃) သတ္တက္ခတ္တုပရမ သောတာပန်-ဟူ၍ ဘာသာလိုတော့ အနုံ့စား၊ အလယ်စား၊ အမြတ်စား သောတာပန် သုံးမျိုးရှိတယ်။

ဒီအပြင်လဲ—

(၁) တဒင်္ဂသောတာပန်၊

(၂) ဝိက္ခမ္ဘနသောတာပန်၊

(၃) သမုစ္ဆေဒသောတာပန်၊

(၄) ဓါတ်ကြီးလေးပါးမြင်တဲ့ သောတာပန်၊

(၅) ခန္ဓာငါးပါးမြင်တဲ့သောတာပန်၊

(၆) အာယတန ၁၂ ပါးမြင်တဲ့သောတာပန်၊

(၇) သစ္စာလေးပါးမြင်တဲ့သောတာပန်၊

(၈) အကြောင်းအကျိုးမြင်တဲ့သောတာပန်၊

(၉) သဘာဝလက္ခဏာမြင်တဲ့သောတာပန်၊

(၁၀) နာမ်လက္ခဏာမြင်တဲ့သောတာပန်၊

(၁၁) ရုပ်လက္ခဏာမြင်တဲ့သောတာပန်၊

(၁၂) အသုဘလက္ခဏာမြင်တဲ့သောတာပန်၊

(၁၃) ဓါတ် ၁၈ ပါးမြင်တဲ့သောတာပန်၊

သောတာပန်က အများကြီးဘဲ၊ စိတ်တွေကိုပြောတာ၊ အရေးအကြီးဆုံး အချက်က ဆရာဘဲ၊ ဆရာ

WWW.DHAMMARANSI.COM



မှန်လျှင် သိသရာ ကာပြန်နိုင်မယ်၊ ဆရာမှားနဲ့ တွေ့ လျှင်တော့ ရေစုံမျောမယ်။

ဦးပဇင်းကတော့–မိမိ 'ခန္ဓာ' မှာ ရှာဖွေသို့ ရရှိထားတဲ့ ကိုယ်တွေ့ တရားတွေကိုသာ ပြောဟောမှာ မိမိစိတ်ကို စင်ထားတော့ 'စိတ်' အစဉ်တွေကို အကုန်အစင် သိထားတယ်၊ ဒကာကြီးတို့ ဒကာမကြီးတို့ကို ဝိပဿနာဉာဏ်သိ–သိရှိရာ ဉာဏ်စဉ်ကို ဟောပြမယ်၊ သိသော် 'စာအုပ်ကြီး' ထဲက ဉာဏ်စဉ်တွေ မဟုတ် ကိုယ်တွေ့ ဉာဏ်စဉ်တွေကို ပြောမှာ။

### ကိုယ်တွေ့ဉာဏ်စဉ် ဥပါဒ်–ဋ္ဌီ–ဘင်

(၁) ယခုတရားအစက–ဘာရ၊ တော်ဘဲပေါ်ပေါ် အစ·အလယ်–အဆုံးကိုလိုက်သိလိုက်ကြလို့ သင်တန်းအစမှာ စိတ်ငြိမ်အောင် သမထတရားပေးတယ် (စာလိုတော့ ဥပါဒ်–ဋ္ဌီ–ဘင်) 'စ-လယ်·ဆုံး' သိလိုက်ကြဆိုတော့ စိတ်(၃)လုံး ဖြစ်နေတယ်။

(၂) ဒီပြီးနောက် တင်းတာအစ–တင်းတာအဆုံးကိုသာ လိုက်–လိုက်ပြီး သိကြတော့ဆိုတော့ စိတ်(၂)စိတ်သာ ဖြစ်ပြီ။

### ဥဒယဗ္ဗယဉာဏ်

(စာလိုတော့ ဥဒယဗ္ဗယဉာဏ်)၊ ဥဒယ·ဖြစ်ခြင်း (ဥပါဒ်)၊ ဝယ·ပျက်ခြင်း(ဘင်)၊ ဆိုတဲ့ ဉာဏ်စဉ် ရလာတယ်။

WWW.DHAMMARANSI.COM


( ၃ ) ဒီမှတဆင့် တင်းတာအစ-တင်းတာအဆုံး၊ တောင့်တာအစ-တောင့်တာအဆုံး စသဖြင့်သိ- သိနေရာမှ တင်းတာလာလဲ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော၊ တောင့်လာတာလဲ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော စသည်ကိုသာ သိလိုက်ကြတော့ဟု ဆိုလိုက်မတော့။

ဖြစ်သဘော ပျက်သဘော

(က) အဆင်းတခု မြင်လိုက်တဲ့အခါ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော။

(ခ) အသံတခု ကြားလိုက်တဲ့အခါ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော။

(ဂ) အနံ့တခုနံလိုက်တဲ့အခါ ဖြစ်တဲ့သဘော ပျက်တဲ့သဘော။

(ဃ) အရသာတခု စားလိုက်တဲ့အခါ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော။

(င) အတွေ့တခုထိလိုက်တဲ့အခါဖြစ်တဲ့သဘော ပျက်တဲ့သဘော။

(စ) မနောဒွါရမှ ပေါင်းဆုံလိုက်တဲ့အခါ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော။ ဝေဒနာပေါ်ကချည်း ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော။ ခန္ဓာထဲကြည့်လဲ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော။ ဗဟိဒ္ဓမှာကြည့်လဲ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော။ ဖြစ်သဘော၊ပျက်

WWW.DHAMMARANSI.COM



သဘောကိုသာ သိ-သိ နေတော့ ဝိပဿနာစိတ်၊ ဝိပဿနာဉာဏ် အမှန်ဖြစ်နေပြီ။

(၄) ဝိပဿနာဉာဏ်မှ ဝိပဿနာ ပညာ ဖြစ်အောင် ဖြစ်သဘော၊ ပျက်သဘောကို ပြိုင်မသိနဲ့တော့၊ ဓါတ်ကြီးလေးပါး ဖေါက်ပြန်၍ ဝေဒနာပေါ်က 'အပျက်' သဘောကိုသာ သိလိုက်ကြတော့လို့ ဆိုလိုက်တော့။

အပျက်သဘော

(က) တင်းတာပေါ်လဲ-ပျက်တဲ့သဘော၊ တောင့်တာပေါ်လဲ-ပျက်တဲ့သဘော။

(ခ) ချွေးတွေ ယိုကျတာလဲ-ပျက်တဲ့ သဘော၊ နှာရေတွေယိုစီးတာလဲ-ပျက်တဲ့သဘော။

(ဂ) ပူတာ ပေါ်လဲ-ပျက်တဲ့သဘော၊ တောပေါ်လဲ-ပျက်တဲ့သဘော။

(ဃ) တွန်းတာပေါ်လဲ-ပျက်တဲ့သဘော၊ ကန်တာပေါ်လဲ-ပျက်တဲ့သဘော။

တံခါး(၆)ပေါက်မှာ အာရုံ(၅) အာရုံ(၆)နှင့် တိုက်ခိုက်တိုင်း-တိုက်ခိုက်တိုင်း....

(က) မြင်တာလဲ-ပျက်တဲ့သဘော၊

(ခ) ကြားတာလဲ-ပျက်တဲ့သဘော၊

(ဂ) အနံ့နံတာလဲ-ပျက်တဲ့သဘော၊

(ဃ) စားတာလဲ-ပျက်တဲ့သဘော၊

WWW.DHAMMARANSI.COM



(င) ထိတာလဲ-ပျက်တဲ့သဘော၊
(စ) သိတာလဲ-ပျက်တဲ့သဘော၊
(ဆ) ယိုတာလဲ-ပျက်တဲ့သဘော၊
(ဇ) ပေါက်တာလဲ-ပျက်တဲ့သဘော၊
(ဈ) အိပ်တာလဲ-ပျက်တဲ့သဘော၊
(ည) ထိုင်တာလဲ-ပျက်တဲ့သဘော၊
(ဋ) ထတာလဲ-ပျက်တဲ့သဘော၊
(ဌ) သွားတာလဲ-ပျက်တဲ့သဘော၊
(ဍ) ခန္ဓာငါးပါးကလဲ-ပျက်တဲ့သဘော၊

ဘင်္ဂဉာဏ်

တလောကလုံး ပျက်တဲ့သဘောသို့သာ ဆိုက်နေလျှင် စာလိုတော့ 'ဘင်္ဂဉာဏ်' ဖြစ်နေပြီ။

ပျက်တဲ့သဘောကိုသာ သိနေတာက 'လောကထဲ' မှာဘဲ ရှိနေသေးတယ်၊ ဝိပဿနာအရာမှာ ပစ္စုပ္ပန် 'အပျက်' သိနေလျှင်၊ အနာဂါတ်မှာလဲ 'အပျက်' ဘဲ တွေ့အုံးမယ်။

အတိတ်ကလဲ'အပျက်'ဘဲသိလာခဲ့တယ်၊ 'အပျက်' သဘော မဆုံးသေးဘူး။

(၅) 'အပျက်' နှယ်၊ 'အပျက်' သဘောမှ အပျက်' လွတ်တဲ့ သဘောတရားကို ပြောပြမယ်။

အပျက်နှယ်မှ အပျက်လွတ်တဲ့ သဘော

ပျက်တာမသိကြနဲ့တော့၊ သိရမှာက ခန္ဓာထဲမှာ

WWW.DHAMMARANSI.COM



ဓါတ်ကြီးလေးပါးရှိတယ်၊ (စာလိုတော့ မဟာဘုတ် ဓါတ်ကြီးလေးပါး၊ ဘူတရုပ်လို့လဲဆိုတယ်)။

(က) ပထဝီဓါတ်သဘောက တင်းတာ-ထောင့်တာ-ထုံတာ-ကျင်တာ-အောင့်တာ-ကိုက်တာ။

(ခ) အာပေါဓါတ်သဘောက ကြပ်တက်တာ-ဆို့တက်တာ-ယိုစီးတာ-ဖွဲ့စည်းတာ။

(ဂ) တေဇောဓါတ်သဘောက ပူတာ-ဧတာ။

(ဃ) ဝါယောဓါတ်သဘောက တွန်းတာ-ကန်တာ-လှုပ်တာ-ရွတာ အစရှိသော ရုပ်သဘောတွေ အစဉ်တစိုက် ပြောင်းလွဲ-ပြောင်းလွှဲ နေတယ် ဆိုတဲ့ သဘောတွေကိုသာ သိလိုက်ကြတော့လို့ ဆိုလိုက်တော့ ဓါတ်ကြီးလေးပါးပေါ်က ဝိပဿနာပညာ ဖြစ်သွားတယ်။

ပြောင်းလွဲ-ပြောင်းလွှဲ နေတဲ့ သဘောတရားက

ရုပ်၏ပရမတ္ထသဘာဝလက္ခဏာ။

နာမ်ကတော့-ညွှတ်တတ်တဲ့သဘောသာရှိတယ်။

**နာမ်၏ညွှတ်တတ်တဲ့သဘောက ပရမတ္ထသဘာဝ လက္ခဏာ၊** ရုပ်၏ ပြောင်းလွဲ-ပြောင်းလွှဲ တတ်တဲ့ သဘောကိုစာလိုတော့-ရူပပရိစ္ဆေဒဉာဏ်ခေါ်တယ်၊ နာမ်ကလဲ ညွှတ်တတ်တဲ့ သဘောသာရှိတယ်ဆိုတာ စာလိုတော့-နာမပရိစ္ဆေဒဉာဏ်လို့ခေါ်တယ်၊ ဤကဲ့

သို့နာမ်-ရုပ်(၂)ပါးတို့၏ သဘောတရား(၂)ပါးကို ပေါင်း၍ သိလာတာက—

နာမ-ရူပပရိစ္ဆေဒဉာဏ်

စာလို 'နာမရူပပရိစ္ဆေဒဉာဏ်' လို့ ခေါ်တယ်။

အဲဒီလိုဉာဏ်တွေသာပေါ်လာတော့၊တံခါး(၆)ပေါက်က အာရုံ(၅) အာရုံ(၆)နှင့် တိုက်ခိုက်လိုက်တိုင်း ပြောင်းလဲ-ပြောင်းလဲတတ်တဲ့ သဘောတရားတွေကိုသာ သိနေတော့တယ်။

ပြောင်းလွဲတဲ့သဘော

(က) အဆင်းကိုမြင်လဲပြောင်းလဲတဲ့သဘော၊
(ခ) အသံကိုကြားလဲပြောင်းလဲတဲ့သဘော၊
(ဂ) အနံ့ကိုနံလဲ ပြောင်းလွဲတဲ့သဘော၊
(ဃ) ရသာကိုစားလဲပြောင်းလဲတဲ့ သဘော၊
(င) အတွေ့ကိုထိလဲပြောင်းလဲတဲ့သဘော၊
(စ) ဓမ္မကိုသိလဲ ပြောင်းလွဲတဲ့သဘော၊

အဲဒီလို ပရမတ္ထသဘော၊ သဘာဝတရားတခုပေါ်မှာ 'စိတ်' တည်နေလျှင်၊ သမာဓိဖြစ်ပြီး၊ သက္ကာယဒိဋ္ဌိကွာပြီ၊ အပါယ်တံခါးပိတ်ပြီ၊ ရုပ်နှင့်နာမ် ချုပ်နေတဲ့စိတ် ဖြစ်နေပြီ၊ ဒါကို—

ရုပ်-နာမ်ချုပ်တယ်လို့ဆိုတယ်။

မေ့နေတာက မောဟတရားဘဲ၊ မောဟတရားက ပကတိ အမှန်သဘော သဘာဝ တရားတွေ မသိမှုဘဲ၊

WWW.DHAMMARANSI.COM



မဂ်က ကိလေသာ သတ်တဲ့ တရားဘဲ၊ မဂ်ဆိုတာက မေ့မေ့နေတဲ့ တရားမဟုတ်ဘူး။

ပရမတ္ထရုပ်-ပရမတ္ထနာမ်ပေါ် စိတ်တည်နေတာက ကာမာဝစရ ကုသိုလ်စိတ် ဖြစ်နေတော့တယ်။

ပြောင်းလဲ-ပြောင်းလဲတယ်လို့ ရုပ်၏ ပရမတ္ထ သဘော သဘာဝ လက္ခဏာ တခုတည်းကိုသာသိ၍ ရှင်းသဘောတရားတခုတည်းပေါ် စိတ်တည်နေလျှင် ဖြစ်-ပျက်ဆုံးတယ်လို့ ဆိုဘယ်။

ဒကာကြီးတို့-ဒကာမကြီးတို့။

ပြောင်းလဲတဲ့ သဘောမှ တဆင့် ရုပ်ဝေဒနာ ခံစားတာ နာမ်-ရုပ်(၂)ပါး တထပ်တည်း ဖြစ်နေတာကို ပြောပြမယ်။

(၆) ပြောင်းလဲတဲ့သဘောမှဝေဒနာကိုခံစားတဲ့ သဘောဟု စိတ်ပြောင်း၍ သိရမယ်။

ဝေဒနာသဘော

(၁) အဆင်းကို မြင်တာလဲ ဝေဒနာ၊
(၂) အသံကို ကြားတာလဲ ဝေဒနာ၊
(၃) အနံ့ကို နံတာလဲ ဝေဒနာ၊
(၄) အရသာကို စားတာလဲ ဝေဒနာ၊
(၅) အတွေ့ကို ထိတာလဲ ဝေဒနာ၊
(၆) မမှုကို သိတာလဲ ဝေဒနာ၊

WWW.DHAMMARANSI.COM



ပေါက်တာ၊ ယိုတာ၊ ထတာ၊ လှမ်းတာ၊ သွားတာ ထိုင်တာ၊ အိပ်တာအားလုံး ဝေဒနာတွေဘဲ။

ဝေဒနာပေါ်မှာ စိတ်တည်နေတော့ ရုပ်-နာမ် ချုပ်နေပြီ၊ ဝေဒနာတွင် ရပ်နေပြီး 'ဝေဒနာ'မှတဏှာ မကူးတော့ဘူး။ အကုသိုလ်စိတ် ချုပ်နေပြီး ဝေဒနာ ပေါ် မဂ်စိတ်ကျနေပြီး ဝေဒနာပေါ် သမာဓိဖြစ်နေ တာက 'ဉာဏ်'၊ ဉာဏ်ပေါ်ပြီ မှ 'ပညာ'ဖြစ်မှာ ဉာဏ်မှ တဆင့် ပညာဖြစ်အောင် တင်ပေးတော့မယ်။

'ဝေဒနာ' ကို 'နာမ်' လို့ ဘုရားကဟောတယ်။

ဝေဒနာမှ နာမ်စိတ်ကို ပြောင်းလိုက် ကြတော့ ဆိုလိုက်တော့-

နာမ်သဘော

(၁) မြင်တာလဲနာမ်၊
(၂) ကြားတာလဲနာမ်၊
(၃) နံတာလဲနာမ်၊
(၄) စားတာလဲနာမ်၊
(၅) ထိတာလဲနာမ်၊
(၆) သိတာလဲနာမ်၊
(၇) တင်းတာပေါ်လဲနာမ်၊ တောင့်တာပေါ် လဲနာမ်၊
(၈) ယိုစီးတာပေါ်လဲနာမ်၊ ဖွဲ့စည်းတာပေါ် လဲနာမ်၊

WWW.DHAMMARANSI.COM



(၉) ပူတာပေါ်လဲနာမ်၊ တောပေါ်လဲနာမ်၊
(၁၀) တွန်းတာပေါ်လဲနာမ်၊ လှုပ်တာပေါ်လဲနာမ်၊ စသဖြင့် သိနေရင်တော့ အဇ္ဈတ္တသဏ္ဍာန်၌ ဝေဒနာမရှိတော့ဘူး။

ဝေဒနာမှ နာမ်စိတ်ကို ပြောင်းပေး လိုက်တော့ နာမ်စိတ်ပေါ် တည်နေပြီ၊ **ကာမာဝစရကုသိုလ် စိတ်** ဖြစ်နေပြီ။

(၇) နာမ်စိတ်မှ လောကုတ္တရာ မဂ်ပညာ ဖြစ်အောင်တင်ပေးမယ်၊ နာမ်၏ သဘောက ဘာလုပ်တတ်သလဲလို့ ဆင်ခြင်ကြည့်။

**နာမ်၏ သဘော သုခ-ဒုက္ခ ခံစားတဲ့သဘော**

နာမ်၏သဘောဟာ သုခ-ဒုက္ခ ခံစားတဲ့သဘောသာရှိဘယ်။

အဆင်းကိုမြင်တာက သုခခံစားတဲ့သဘော—

ရုပ်ဝေဒနာကိုမြင်တာက ဒုက္ခခံစားတဲ့သဘော၊ ကောင်းတာခံစားလျှင် သုခ၊ မကောင်းတာ ခံစားလျှင် ဒုက္ခ၊ နာမ်၏သဘောဟာ ဒုက္ခ-သုခခံစားတဲ့သဘောသာ ရှိဘယ်လို့ သိလိုက်တော့ 'ပညာစိတ်' ဖြစ်နေပြီ။

**ခံစားတဲ့သဘော**

(၁) မြင်တာပေါ်ခံစားတဲ့သဘော (ဒုက္ခ-သုခခံစားတဲ့သဘော)၊

WWW.DHAMMARANSI.COM



(၂) ကြားတာပေါ် ခံစားတဲ့သဘော (ဒုက္ခ-သုခ ခံစားတဲ့သဘော)၊

(၃) နံ့တာပေါ် ခံစားတဲ့သဘော (ဒုက္ခ-သုခ ခံစားတဲ့သဘော)၊

(၄) ရသာပေါ် ခံစားတဲ့သဘော (ဒုက္ခ-သုခ ခံစားတဲ့သဘော)၊

(၅) တွေ့ထိတာပေါ် ခံစားတဲ့သဘော (ဒုက္ခ-သုခ ခံစားတဲ့သဘော)၊

(၆) သိတာပေါ် ခံစားတဲ့သဘော (ဒုက္ခ-သုခ ခံစားတဲ့သဘော)၊

တံခါး(၆)ပေါက်ကို အာရုံ(၅)အာရုံ(၆)တိုက်ခိုက်တိုင်း ဒုက္ခ-သုခခံစားတဲ့သဘောသာသိနေတော့ 'နာမ်ပျက်' ခေါ်တယ်၊ ခံစားတဲ့ သဘောတခုတည်းပေါ် စိတ်တည်နေလျှင်တော့ သုခ-ဒုက္ခ မရှိတော့ဘူး နာမ်ချုပ်နေပြီ။

(၈) ဉာဏ်စဉ်တွေကို ဒကာကြီးတို့-ဒကာမကြီးတို့ကိုပေးနေတာ၊အားထုတ်မှုလဲ ဒီဉာဏ်စဉ်တွေပေါ်တာ။

ဦးပဇင်းပေးတဲ့ ဉာဏ်စဉ်တွေဟာ ခန္ဓာမှာ တွေ့ရှိရတဲ့ သဘောတရားတွေသာဖြစ်တယ်၊ ပစ္စုပ္ပန်ပေါ်လာတဲ့ သဘောတရားကိုသာ ရှုမှတ်ဆင်ခြင်ရမယ်။

WWW.DHAMMARANSI.COM



ခန္ဓာထဲက ပေါ်ပေါ်ပြတဲ့ သဘောတရားဟာ ဓါတ်ပဲ။

'ဖြစ်-ပျက်'ဆိုတာ မမြဲတဲ့သဘော။

'မမြဲတဲ့သဘော'က 'ရုပ်' ရဲ့သဘော သဘာဝကိုသိမှုက ရုပ်သည် ပြောင်းလဲတဲ့ သဘောသာရှိတယ်၊ အဆင်းရုပ်'အသုဘာရုပ်' သည်သည်းပြောင်းလဲတဲ့သဘောသာ ရှိတယ်လို့ 'ရုပ်'၏ သဘာဝလက္ခဏာနှင့်'နာမ်'၏ ညွှတ်တတ်တဲ့သဘော၊ ခံစားတဲ့သဘော သဘာဝလက္ခဏာများကိုသာ အမှန်အတိုင်း 'ဓါတ်' သဘော၊ ပရမတ္ထသဘောတရားတွေကိုသာ မြင်နေလျှင်-

## ဒိဋ္ဌိသတ်

'ဒိဋ္ဌိ' သေတယ်အမြင်စင်ကြယ်မှုစိတ်စင်ကြယ်မှာ စိတ်စင်ကြယ်မှ သမာဓိရမယ် သမာဓိရမှ ပညာဖြစ်မယ်၊ ကိလေသာခေါင်း၊ ဒါကို၊ တဏှာသေတယ်ဆိုတာက ရုပ်ကို အမှန်အတိုင်း မြင်ပါမှ ရုပ်ပေါ်ကသာ ကိလေသာ ဖြစ်ပေါ်တာ မနေတော့ရက (၁)ရက်၊ အသုဘမှ(၁၁)ရက်၊ အသုဘကိုသာမြင်နေပြီ၊ အသုဘ စိတ်ဖြစ်နေမှ ပုံပျက်မှာ၊ ပုံပျက်မှ မစုံမက်တော့ဘူး။

## တဏှာသတ်

မစုံမက်မှ တဏှာသေမှာ သဏ္ဌာန်ပျက်မှ မာန ကြေမှာ။

WWW.DHAMMARANSI.COM



(၉) ဒိဋ္ဌိနှင့်တဏှာသေမှနိဗ္ဗာန်ရောက်နိုင်တယ်၊ ဒါကြောင့် ဒိဋ္ဌိနှင့်ဘဏှာ တွဲသတ်ဘို့ လိုတယ်၊ တဏှာသေဘို့ ရှုမှတ်ဆင်ခြင်ရမှာက အသုဘတရား (၁၀)ပါးဘဲ၊ ဒီအသုဘဘရား (၁၀)ပါးကို ထင် အောင် မြင်အောင် ပွားယူရမယ်၊ အသုဘဘရား (၁၀)ပါး ဆိုဘာ=

## အသုဘတရား

(၁) ရက်အသုဘ- ကာယကိုယ်ကြီး ပျော့ပျော့ ပြောင်းပြောင်း နွေးနွေးကလေး ရှိသေးဘယ်။

(၂) ရက် အသုဘ-စောက် တောင့်တင်းလာပြီး၊ အသားလဲဝါလိုက်လာပြီ။

(၃) ရက် အသုဘ-အသားဝါရာမှ အနီ၊ အညို၊ အမဲကွက်တွေပေါ်လာပြီး၊ ဖူးဖူးရောင်လာပြီး၊ ဗိုက် ကြီးလဲ ဖေါင်းပွလာပြီ။

(၄) ရက် အသုဘ–အပုပ်နံ့တွေ တခေါင်း ထောင်ထွက်လို့ ဒွါရ (၉)ပေါက်က သွေးပုပ် ပြည်ပုပ် အပုပ်ရေတွေ ယိုကျလာပြီး၊ စက်ဆုတ်ဘွယ်ရှိသော အကောင်ဖြစ်လာပြီ။

(၅) ရက် အသုဘ ပိုးလောက်တွေ တရွရွနှင့် စား နေပြီ၊ အပေါက်အပေါက်၊ အထွင်းအထွင်း ရှိသော မနှစ်သက်ဘွယ်အကောင် ဖြစ်နေပြီ။

WWW.DHAMMARANSI.COM


(၆) ရက် အသုဘ မျက်စိအတွင်းသားတွေ ပြူး ထွက်၊ ရှာကြီးကလဲ ထွက်ပြီး တစောင်းကြီးကိုက်လို့ ဝမ်းခေါင်းထဲမှာလဲ ပိုးလောက်တွေ တရှုရှုစားလို့ ဖြစ်နေပြီ။

(၇) ရက် အသုဘ တကိုယ်လုံး ဖေါင်းပွပြီး၊ မျက်နှာကလဲ စကောလောက်နီးနီး ရောင်ရမ်းပြီး၊ မကြည့်ဝန့် မနာသာ အကောင်ဖြစ်နေပြီ။

(၈) ရက် အသုဘ ပိုးလောက်တွေ စားလှသဖြင့် သွေးအလိမ်းလိမ်းနှင့် အသားတွေပဲ့ကျ ပျော်ကျ နေပြီ။

(၉) ရက် အသုဘ အသားတွေ အူတွေ တပိုင်း တစနှင့် အရိုးစုသာဖြစ်နေပြီ။

(၁၀) ရက် အသုဘ အသား၊ အသွေး၊ အကြော မကပ်သော ဖရိုဖရဲကြဲ နေတဲ့ အရိုးချည်းကျန်တော့ တယ်။

အဲဒီလို အသုဘလက္ခဏာ သဘာဝတရားအပေါ် သမာဓိ ဖြစ်နေရမယ်။

## အသုဘသဘော

(၁) မျက်စိကမြင်တာလဲ အသုဘသဘော၊
(၂) နားကကြားတာလဲ အသုဘသဘော၊
(၃) နှာခေါင်းကနံ့တာလဲ အသုဘသဘော
(၄) ပါးစပ်ကစားတာလဲ အသုဘသဘော

WWW.DHAMMARANSI.COM



(၅) ကိုယ်ကထိလိုက်တာလဲ အသုဘသဘော၊
(၆) မနောကသိလိုက်တာလဲ အသုဘသဘော
(၇) တင်းတာ-တောင့်တာ ပေါ်လဲ အသုဘ
သဘော၊
(၈) ယိုစီးတာ-ဖွဲ့စည်းတာ ပေါ်လဲ အသုဘ
သဘော၊
(၉) ပူတာ-အေးတာပေါ်လဲ အသုဘသဘော၊
(၁၀) လှုပ်တာ-ရွတာပေါ်လဲ အသုဘသဘော
(၁၁) ယိုတာ-ပေါက်တာလဲအသုဘသဘော၊
(၁၂) အိပ်တာ-ထတာလဲ အသုဘသဘော၊
(၁၃) ထိုင်တာ-ရပ်တာလဲ အသုဘသဘော၊
(၁၄) သွားတာ-လှမ်းတာလဲ အသုဘသဘော၊
(၁၅) ဝေဒနာပေါ်လဲ အသုဘသဘော၊

တလောကလုံး 'အသုဘ' သဘောကိုသာ မြင်နေလျှင် ဘာဓါတ်ဘဲပေါ်ပေါ် 'အသုဘ' သဘောကိုသာ သိနေလျှင်၊ အသုဘ သဘောကိုသာ နှလုံးသွင်း ဆင်ခြင်နေလျှင်တော့ 'တဏှာ' ဝေးလိမ့်မယ်။

ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် စသော အဆင်းတွေ ဘုရားတွေ၊ ရဟန္တာတွေ၊ နတ်တွေ၊ ဘုန်းကြီးတွေ မယ်သီလတွေ၊ ဒကာမတွေ-ဒကာတွေ ဘာဘဲမြင်မြင် ဘာဓါတ်ဘဲပေါ်ပေါ် 'အသုဘ' သဘောကိုသာသိ သူ့သဘောနှင့်သူ ပေါ် လာတာဘဲလို့ သိရုံသိ

WWW.DHAMMARANSI.COM



‘အသုဘ’ သဘောကို နှလုံးသွင်း၊ လိုက်ပြီးမှတ်နှင့် မှတ်နေလျှင် ပညာလည်းဖြစ်နေမယ်။

တဖျာသတ်တရား။ ။အသုဘတရား(၁၀)ပါး၊ အသုဘ သဘောတရားတွေ ဖြစ်နေသော ဝိပဿနာ တရားကို ပြနေတာ၊ တကျော့သဘောပြနေတာ၊ တလောကလုံး(၁)ချပ်ကလဲပြောင်းလဲ၊ ပြောင်းလဲပေါက်ဖြန် နေတဲ့ သဘောတရား၊ (၂)နာမ်ကလဲလိုက်လိုက်ညွတ် ပြီးခံစားနေတဲ့သဘောတရား၊ (၃) အသုဘချုပ်ကြီးက လဲပြောင်းလဲ ပျက်စီး ယိုယွင်း ပုပ်ပွဖူးရောင်နေတဲ့ သက္ကာ သဘောတရားတွေကိုသာ သဘောအမြင်၊ မနေအမြင်နှင့် မြင်နေလျှင်တော့ မိမိခန္ဓာကိုယ်ကို ရွံရှာစက်ဆုတ်လာလိမ့်မယ်၊ ဒီတော့မှ ကျော့သမှာ ဟကျော့သမှာ နိဗ္ဗာန်ရောက်နိုင်တယ်။

တကယ်-ပူတယ်လို့ မရှိ ပညာကိုရှာတာက သမထ၊ ရုပ်၊ နာမ်၊ အသုဘတို့၏ ပြောင်းလဲခြင်းသဘော မမြဲသော သဘော သဘာဝ လက္ခဏာတို့ကို ရှာတာက ဝိပဿနာ။

‘အသုဘ’ သဘော သဘာဝကို အမြဲတစေ ရှုမှတ်ဆင်ခြင်နေလျှင်တော့–

(၁) ပျက်စီးကလဲ ပြောင်းလဲခြင်း သဘာဝ လက္ခဏာ။

(၂) နာမ်ကလဲပြောင်းလဲခြင်းသဘာဝလက္ခဏာ။

WWW.DHAMMARANSI.COM



(၃) နှာခေါင်းကလဲ ပြောင်းလဲခြင်း သဘာဝ လက္ခဏာ၊

(၄) ပါးစပ်ကလဲ ပြောင်းလဲခြင်း သဘာဝ လက္ခဏာ။

(၅) ကိုယ်ပေါက်ကလဲပြောင်းလဲခြင်းသဘာဝ လက္ခဏာ စသည်တို့ကိုသာ ရှုခိုင်းတာက၊ ဒိန်း-ဒရံ-ဒြပ် ပျက်ပြားပြုတ်သွားပြီး 'သုည'ဖြစ်အောင် ပြပေးတာဘဲ၊ ဒီတော့မှသာ—

ဆန္ဒ-ရာဂ ပြုတ်တဲ့စိတ်

(၁) မျက်စိပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်၊

(၂) နားပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်၊

(၃) နှာခေါင်းပေါက်ကလဲဆန္ဒရာဂပြုတ်တဲ့စိတ်

(၄) ပါးစပ်ပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်၊

(၅) ကိုယ်ပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်၊

(၆) မနောပေါက်ကလဲ ဆန္ဒရာဂပြုတ်တဲ့စိတ်၊

ဆန္ဒ-ရာဂဘုံမက၊ ဒေါသ-မောဟပါ ပြုတ်တဲ့ စိတ်ဖြစ်ပေါ်လာနိုင်မယ်။

## တရားထူးရရန် တိုက်တွန်းချက်

ဒကာကြီးတို့-ဒကာမကြီးတို့ကို ဗိုလ်မှူးနှင့် တကျော့ တတ်တရားတွေ ပြောဟောပြီးနောက်၊ တိုက်တွန်းလို တော့ တရားထူးရလိုသော်-သောတာပန်မြန်မြန်

WWW.DHAMMARANSI.COM



ဖြစ်လိုသော်ဒေကာစမှာ တခုဘည်းသောသဘော တရားကို စွဲစွဲမြဲမြဲရှုကြ။

(က) နာမ်ကို ရှုလျှင် ညွှတ်တတ်တဲ့ သဘော၊ ခံစားတတ်တဲ့ သဘောကို စွဲအောင်ရှု။

(ခ) ရုပ်ကိုရှုလျှင်-ပြောင်းလဲ ဖေါက်ပြန်တဲ့ သဘောကို စွဲအောင်ရှု။

(ဂ) အဆင်းရုပ်၊ ပညာ် ရုပ်ကြီးကိုရှုလျှင်လဲ ပြောင်းလဲပျက်စီး ယိုယွင်း ပုပ်ပွ ဖူးရောင် ပေညှီဖြင့် အသုဘသဘောကို ပေါက်အောင်ရှု၊ အမှန်မြင်ဘို့ရာ စိတ်အမြင်၊ မနောအမြင်၊ သဘောမြင်နှင့် စွဲအောင် ကြည့်၊ ဒါမှ အသုဘလက္ခဏာကို တွေ့ကြ မြင်ကြလိမ့် မယ်။

အသုဘသဘောကလည်း ၄ မျိုးရှိဘယ်။

ပထဝီအသုဘ—ပုပ်ပွ ဆွေးမြေ့နေသော အရိုးစု သဘော။

အာပေါအသုဘ—ပုပ်ပွရှဲဖူးဖူးရောင်ပြီး သွေးပုပ် ပြည်ပုပ်၊ အပုပ်ရည်တွေ ယိုစီးနေတဲ့သဘော။

တေဇောအသုဘ—မီးပန်းများလိုပေါက်ပေါက်, ပေါက်ပေါက်နှင့် လောင်ကျွမ်းနေတဲ့သဘော။

ဝါယောအသုဘ—ပိုးလောက်တွေကျနေပြီး၊ အ သားအရိုး အပိုင်းပိုင်းပြတ်ကျနေတဲ့သဘော။

WWW.DHAMMARANSI.COM



ဒီအသုတ သဘောများကို ပေါက်အောင်၊ ထင်အောင်၊ စွဲအောင် ရှုကြည့်ကြရမယ်။

ဤကဲ့သို့ အရှုခံနှင့် အရှုအာရုံမှန်းရမယ်။

(၁၀)က။ ရုပ်ဓါတ်လက္ခဏာမှာပြောင်းလဲ့ဖေါက်ပြန်ခြင်းသဘော။

ခ။ နာမ်ဓါတ်လက္ခဏာမှာ ရုပ်မှဖြစ်ပေါ်လာသော ဝေဒနာကို ညွတ်၍ ခံစားခြင်းသဘော။

## နာမ်ပျက်-ရုပ်ပျက်

ခံစားတာက အကြောင်းတရား၊ ပေါက်ပြန်တာက အကျိုးတရား 'နာမ်အကြောင်း ရုပ်အကျိုး' ကိုယ်တွင်း၌ဖြစ်ပေါ်နေသော ဒုက္ခဝေဒနာကို ဆင်ခြင်သည်ကို နာမ်ပျက်ခေါ်တယ်။

အပြင် ဗဟိဒ္ဓ ရုပ်ရုပ်ခြင်း တိုက်ခိုက်ပြီး၊ သိလုံးနာမ်တရားက ဝေဒနာခံစားတာ၊ ရုပ်နာမ် သုခဝေဒနာခံစားခြင်းဘဲ၊ ရုပ်အကြောင်းတရားကြောင့် နာမ်အကျိုးထူးခံစားခြင်းဖြစ်သည့် 'ရုပ်အကြောင်း နာမ်အကျိုး' အသင်းရုပ်ပေါ် ဆင်ခြင်ခြင်းကို ရုပ်ပျက်ခေါ်တယ် ရုပ်နှင့်နာမ်ဟာ ခွဲခွါလို့မရဘူး၊ တထပ်တည်းဖြစ်-တထပ်တည်းပျက်တယ်။

(က) တလောက်လုံး ရုပ်နှင့် နာမ်ဘဲရှိတယ်လို့ အမှန်မြင်နေလျှင် ရုပ်နာမ်တို့၏ သဘော သဘာဝ လက္ခဏာတွေကိုသာ သိသိနေလျှင် အမှာဒိဋ္ဌိ ဖြစ်

နေပြီ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကွာပြီ၊ သက္ကာယဒိဋ္ဌိကွာလျှင် အပါယ်တံခါးပိတ်ပြီ။

(ခ) မိမိခန္ဓာကိုယ်ကြီးကို 'အသုဘ' လက္ခဏာတင်ပြီး၊ ဝိဇ္ဇာအသိနှင့်ဒလဟပ်ကြီးဆင်ခြင်သုံးသပ်နေလျှင်တော့ မိမိခန္ဓာပုံပျက်ကို မြင်လာလိမ့်မယ်၊ မိမိခန္ဓာ ပုံပျက်တော့မှ မစုံမက်တော့ဘူး၊ (၁)ရက်အသုဘမှ(၁၀)ရက်အသုဘ သဘောတရားတွေ မိမိစိတ်ထဲမှာ စွဲအောင်ပွားများနေလျှင်တော့ ခန္ဓာပျက်ကိုတွေ့လိမ့်မယ်၊ ခန္ဓာပျက်တွေ့တော့မှ တဏှာသေမယ်၊ တဏှာသေတော့မှ နိဗ္ဗာန်သို့ ရောက်နိုင်မယ်။ နိဗ္ဗာန်ကို တခြားမှာမရှာနှင့် ကိုယ်ထဲမှာရှာ တွေ့လိမ့်မယ်၊ တနလာကသုံး အသုဘ လက္ခဏာကိုသာ မြင်နေမယ်ဆိုရင်ဒီဘဝထဲနှင့်နိဗ္ဗာန်ကိုသွားနိုင်မယ်။

(၁၁) ဒကာကြီးတို့-ဒကာမကြီးတို့ ယခုဘုရားအစက 'အနတ္တ' ကို အမှန်မြင်၊ အမှန်သိ၊ အမှန်ထင်ရမယ်လို့ ဦးပဇင်းပြောခဲ့တယ် ရှင်တော်မြတ်ဘုရားက

အနိစ္စသဘော(က) သဗ္ဗေသင်္ခါရာ–အနိစ္စာ၊
ဒုက္ခသဘော(ခ) သဗ္ဗေသင်္ခါရာ–ဒုက္ခာ၊
အနတ္တသဘော(ဂ) သဗ္ဗေဓမ္မာ–အနတ္တာလို့ ဟောခဲ့တယ်။

အနိစ္စ-အနိစ္စ ဟု ရွတ်ဆိုရုံနှင့်၊ ပုတီးစိပ်ရုံနှင့် အနိစ္စမထင်၊ သုံးသပ်သည်မမည်။ ဒုက္ခ-ဒုက္ခ ဟု ရွတ်

WWW.DHAMMARANSI.COM



ဆိုရုံနှင့် ပုတီးစိပ်ရုံနှင့်ဒုက္ခမထင်၊ သုံးသပ်သည်မမည်။ အနတ္တ-အနတ္တ ဟု ရွတ်ဆိုရုံနှင့် ပုတီးစိပ်ရုံနှင့် အနတ္တမထင်၊ သုံးသပ်သည်မမည်။ 'အနိစ္စ-ဒုက္ခ-အနတ္တ'လို့ ခေါ်ဝေါ်ရဘာကားသည်၊ ဘုရားကိုယ်တော်မြတ်က 'အနိစ္စ'က စဟောတယ်၊ ဝိပဿနာတရား ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်ကတော့ 'ဒုက္ခ'ကိုအရင်မြင်တယ်။

ဝေဒနာတခုပေါ်လို့ သိးမခံနိုင်လို့ ဒေါသဖြစ်လျှင် စိတ္တက္ခဏကလေးနှင့် ရှဲခံရမှာ—

(က) ခန္ဓာမှာ ပေါ်လာ နှိပ်စက်လာသော တကယ်ဆင်းရဲရသည့် သဘော ဝေဒနာတခုကို အစ-အလယ်-အဆုံးသိလျှင် ဒုက္ခ-ဒုက္ခ တင်းဘာ တောင့်ဘာပေါ်လျှင် အစ အလယ် အဆုံးလိုက်၊ ဝေဒနာသညာလွတ်ပြီး ဝေဒနာပညာဖြစ်ရမှာ၊

(ခ) ဒုက္ခ-ဒုက္ခမှ သင်္ခါရဒုက္ခမြင်အောင်ရှုရမှာ စက္ကန့်မလပ် ဒလစပ်ကြီး ဖြစ်ပျက် သဘောတွေ နှိပ်စက်နေဘာက သင်္ခါရဒုက္ခဘဲ၊ တင်းတာ တောင့်တာ စသဖြင့်ပေါ်လျှင် အစနှင့်အဆုံးကိုသာ လိုက်သိ၊ အပျက်စိတ်ဖြစ်နေရမှာ၊

(ဂ) သင်္ခါရအနိစ္စ က ဖြစ်သဘော ပျက်သဘောဘဲ၊ မမြဲတဲ့သဘောဘဲ၊

(ဃ) သင်္ခါရဒုက္ခမှ 'သဗ္ဗေဓမ္မာအနတ္တာ' ကိုမြင်အောင်ရှုရမှာက၊ အပျက်စိတ်မှ ပြောင်းလွဲ ပြောင်း

WWW.DHAMMARANSI.COM



လွဲတတ်တဲ့သဘောတရားကိုရှုတင်းတာ မှ တောင့်တာပေါ်၊ တောင့်တာမှ ထုံတာပေါ်၊ ထုံတာမှကျုံ့တာပေါ်၊ ကျုံ့တာမှ အောင့်တာပေါ်၊ အောင့်တာမှ ကိုက်တာပေါ်စသဖြင့် ခန္ဓာထဲက ဓါတ်ကြီးလေးပါး ပြောင်းလွဲ ပြောင်းလွဲနေတဲ့သဘောတရားကိုပေါက်အောင်ရှု၊ ဒါမှ 'ရုပ်အနတ္တ' ကိုမြင်မှာ၊

ရုပ်အနတ္တ-နာမ်အနတ္တ

နာမ်ကလဲ ဝေဒနာပေါ် ပြောင်းလဲ ပြောင်းလဲပြီး၊ ညွတ်တတ်တဲ့ သဘောကိုသာ မြင်အောင်ရှု၊ဒါမှ 'ပစ္စုပ္ပန်နာမ်အနတ္တ' ကိုမြင်မှာ၊ 'အနတ္တဆိုတာ သူ့သဘော၊ ငါ့သဘောမဟုတ်' ငါလဲ အစိုးမရ၊ အမာခံ အနှစ်သာရမဟုတ်၊ အတ္တမဟုတ်၊ ပစ္စုပ္ပန် ရုပ်နာမ် သဘောတရားတွေကို အမှန်အတိုင်း သိလာလျှင်တော့ 'ရုပ်အနတ္တ' 'နာမ်အနတ္တ' ကို ကိုယ်တိုင် မြင်နိုင်တယ်။

(က) (၁)အဆင်းတွေ၊(၂)အသံတွေ၊(၃)အနံ့တွေ၊(၄)အရသာတွေ၊(၅)ကိုယ်အတွေ့တွေ၊(၆)မနောက အမြင်အသိတွေ၊(၇)သင်္ခါရတွေအားလုံး ပြောင်းလွဲတဲ့ သဘောတရား။

ရူပပရိစ္ဆေဒဉာဏ်

တလောကလုံး ပြောင်းလွဲတဲ့ သဘောတရားဟု 'ရုပ်၏' ပရမတ္ထသဘော သဘာဝ လက္ခဏာကိုသာ

WWW.DHAMMARANSI.COM



အမှန်အတိုင်း သိနေလျှင် ရူပပရိစ္ဆေဒဉာဏ်ပေါ်ပြီ၊ ရုပ်သဘောတရား တခုတည်းပေါ်၌ စိတ်တည်နေလျှင် ဖြစ်ပျက်ဆုံးတယ် ခေါ်တယ်။

(ခ) ပြောင်းလဲတဲ့ သဘောမှ ခံစားတတ်တဲ့ သဘော၊ ဝေဒနာ ကို မြင်အောင်ရှုရမယ်၊ (၁)မြင်တာ (၂)ကြားတာ၊(၃)နံ့တာ၊(၄)စားတာ(၅) ထိတာ၊(၆)သိတာ အားလုံး 'ဝေဒနာ' တွေဘဲ။

နာမပရိစ္ဆေဒဉာဏ်

(ဂ)'ဝေဒနာ' ကို 'နာမ်' လို့ သိရမယ်၊ နာမ်၏ သဘောက ခံစားတတ်တဲ့ သဘောသာရှိတယ်၊ နာမ်၏ သဘော သဘာဝ လက္ခဏာကိုသာ အမှန်အတိုင်း သိနေလျှင် နာမပရိစ္ဆေဒဉာဏ်ပေါ်ပြီ၊ ခံစားတတ်တဲ့သဘောတခုတည်းပေါ် စိတ်တည်နေမယ်ဆိုလျှင် 'သုခ-ဒုက္ခ' မရှိတော့ဘူး၊ နာမ်ချုပ်နေပြီ။

(ဃ) ရုပ်-နာမ်(၂)ပါး၏ ပြောင်းလဲ၊ ပြောင်းလဲခြင်းသဘောတရား၊ သူ့သဘောကိုသာ လိုက်သိလျှင်တော့ ရုပ်-နာမ်သဘော သဘာဝ တရားပေါ်၊ စိတ်ကတည်သွားတော့ရာ 'ရုပ်အနတ္တ' 'နာမ်အနတ္တ' တို့ကို ဟုတ်တိုင်းမှန်စွာ မြင်သွားသဖြင့် 'ရုပ်-နာမ်' တို့မှ လွတ်သွားသည့် စိတ်ဖြစ်နေပြီ။

ဓောဝခမ္ဘာ

(င) အဇ္ဈတ္တခန္ဓာမှ စိတ်ကို ဝေဒနက္ခန္ဓာကို

WWW.DHAMMARANSI.COM


ပြောင်း၊ 'ဝေဒနာ' သည် 'နာမ်' ဟုသိ၊ နာမ်သည် ဘာလုပ်တတ်သလဲလို့ ဆင်ခြင်ကြည့်၊ ထိုအခါ 'နာမ်' သည် သုခ-ဒုက္ခ ခံစားတဲ့ သဘောသာ ရှိတယ်လို့ သိလာတော့ ဧ ကောဝဓမ္မာ ကည်သွားပြီ၊ အကုသိုလ် စိတ် မဖြစ်တော့ဘူး။

နာမ်၏ လက္ခဏာပစ္စုပ္ပန် ခံစားတယ်ဆိုတဲ့ စိတ် ဖြစ်ပေါ်နေလျှင်—

(၁) သီလသာသနာ၊ (၂) သမာဓိသာသနာ၊ (၃) ပညာသာသနာဖြစ်သွားတော့သည်။

သဘာဝလက္ခဏာရေး (၃)ပါး

(၀) သဘာဝလက္ခဏာရေးသုံးပါးကိုအမှန်မြင် အမှန်သိ၊ အမှန်ထင်လျှင်တော့ သမာဓိဖြစ် ဖြစ်နေပြီ၊ အမှားမြင် အမှားသိ အမှားထင်တဲ့ မိစ္ဆာဒိဋ္ဌိကွာပြီ။

(၁) နာမ်၏ လက္ခဏာ-အာရုံကို ညွှတ်မှု သုခ-ဒုက္ခ ဝေဒနာကို ခံစားမှု လက္ခဏာ ဖြစ်သော သဘော သဘာဝကို အနိစ္စလက္ခဏာလို့ ရှုမှတ်။

(၂) မဟာဘုတ် ဓါတ်ကြီးလေးပါး ပရမတ္ထ ရုပ်တရားများ တချိုးလာရ ပြောင်းလဲ ဖေါက်ပြန် နေသည့် လက္ခဏာ သဘာဝကို ဒုက္ခသဘောလို့ ရှုမှတ်။

(၃) အဆင်းရုပ်ကြီးသည် ပညတ်ရုပ် ပြောင်းလဲ ပျက်စီးယိုယွင်းပုပ်ပွဖူးရောင်အနှစ်သာရမရှိသော

WWW.DHAMMARANSI.COM



အသုဘလက္ခဏာ သဘာဝ အနေတ္တသဘောလို့ ရှုမှတ်၊ ဒကာကြီးတို့-ဒကာမကြီးတို့။

(၁၂) သေခါနီး 'ဝေဒနာ'က ဆိုးဖြတ် လိမ့်မယ်၊ ဝေဒနာပညာဖြစ်မှ သုဂတိဘုံသို့ လှားရမယ်။

အားကိုးအားထားရှာကြပုံ

ဝေဒနာသညာဆိုလျှင် ဒုပေါယ်ဆင်းရမယ်၊ ဒါကြောင့် သေခါနီး ဘာကို အားကိုးကြမလဲ၊ လူတိုင်းလူတိုင်းကတော့ အားကိုးရှာကြတာဘဲ။

ပုထုဇဉ်များက 'အတိတ်' နှင့် 'အနာဂါတ်' ကို အားကိုးကြတယ်၊ အရိယာ သူတော်ကောင်းများကတော့ ပစ္စုပ္ပန်ကိုသာအားကိုးတယ်'အတိတ်'အားကိုးတာက ငါလူခဲ့တာဘဲ၊ ငါသီလဆောက်တည်ခဲ့တာဘဲ၊ လှူခဲ့လို့ ပျက်ခဲ့ပြီ၊ သဘောတရားတွေကို အားကိုးကြတယ်။

'အနာဂတ်'ကို အားကိုးတာက မရောက်သေးတဲ့ ကုသိုလ်တွေကို အားကိုးကြတယ်။

'ပစ္စုပ္ပန်' ကို အားကိုးတာက မိမိ 'ခန္ဓာ' ရုပ်နှင့် နာမ်ကိုသာ အားကိုးကြတယ်၊ ရုပ်နှင့်နာမ်ကိုသာ အားကိုးတယ်ဆိုတာက ပစ္စုပ္ပန်၊ ရုပ်-နာမ်တို့၏ သဘောသဘာဝလက္ခဏာတွေကို ဆင်ခြင်သုံးသပ်နေခြင်းဘဲ၊ ဒါကြောင့် အရိယာ သူတော်ကောင်းတွေဟာ ပစ္စုပ္ပန် ရုပ်-နာမ် သဘောတရားတွေကို အမှန်

WWW.DHAMMARANSI.COM



အတိုင်း သိလာတော့၊ ရုပ်အနတ္တ-နာမ်အနတ္တကို ကိုယ်တိုင်မြင်နေပြီ၊ သေရမှာမကြောက်ကြတော့ဘူး။

## ဝေဒနာသညာမှ ဝေဒနာပညာဖြစ်အောင်ရှုနည်း

သေခါနီး ရုပ်-နာမ်ကိုသာ ဆင်ခြင် သုံးသပ်နေတော့တာဘဲ၊ ရုပ်-နာမ်ကို ဆင်ခြင်သုံးသပ်ရမှာက 'ဝေဒနာ' တခုပေါ်လာလျှင် နာတယ်၊ တင်းတယ်၊ တောင့်တယ်၊ ထုံတယ်၊ ကျင်တယ်၊ အောင့်တယ်၊ ကိုက်တယ်၊ ကြွပ်တယ်၊ စို့တယ်၊ ပူတယ်၊ ဖတယ်၊ တွန်းတယ်၊ ကန့်တယ်၊ လှုပ်တယ်၊ ရွတယ် စသည်ဖြင့် ဝေဒနာကို သညာမဖြစ်စေနှင့် မိမိ စိတ်ကလေးကို ပြောင်းလိုက်၊ ဝေဒနာကို ပညာဖြစ်အောင် 'ဝေဒနက္ခန္ဓာ' ဟုရှု၊ 'ဝေဒနက္ခန္ဓာ' သည်၊ 'နာမ်' ဟု ဘုရားရှင်ကိုယ်တော်မြတ် ဟောခဲ့တော်မူတယ်။ 'နာမ်' တခုဘည်းပေါ်၊ စိတ်ကလေး တည်နေလျှင် မဂ်ဆိုက် ကျနေပြီ ထို့နောက် 'ဝေဒနက္ခန္ဓာ' သည် 'နာမ်' ဟု ရှုမှတ် ဆင်ခြင်နေရာမှ၊ ထို 'နာမ်' ၏သဘော သည် ဘာလဲဟု ထပ်မံ၍ဆင်ခြင်ပြန်သော်၊ ထို 'နာမ်' ၏သဘောသည်၊ ခံစားတတ်တဲ့ သဘောမျှသာ ဖြစ်တော့သည်ဟု သိလိုက်၏၊ ညီနှင့်တပြိုင်နက် 'ရုပ်-နာမ်' တို့မှ လွတ်သော ဘင်ဓနန်းကို မြင်၍၊ အတိတ်-အနာဂတ် ပစ္စုပ္ပန်ကာလ (၃) ပါး အတိတ် သံယောဇဉ်

WWW.DHAMMARANSI.COM



အနာဂတ်သံယောဇဉ်၊ ပစ္စုပ္ပန် သံယောဇဉ်တို့မှ လွတ်မြောက်၍'ဖိုလ်'ကို ခံစားနေသော၏။

ဒါကြောင့် အကြောင်း သညာကို မပယ်လျှင်တော့ အကျိုးသင်္ခါရက 'ဝေဒနာ' ကို စွဲလန်းလို့ ဒိဋ္ဌိခန္ဓာ ဖြစ်ရတယ်၊ ကပ်ညိလို့'ရာဂခန္ဓာ'ဖြစ်ရတယ် 'ရာဂ'ဆိုတော့ 'လောဘစေတသိတ်ဘဲ'ပြိတ္တာဖြစ်ရမှာ။

ဝေဒနာကိုသိမ်းဆည်းနိုင်လို့ ဒေါသဖြစ်လို့ ဒေါသခန္ဓာ ဖြစ်ရတယ်၊ စိတ္တက္ခဏကာလလေးနှင့် ငရဲမှာခံရမှာ ရုပ် နာမ်ကို မမြင်လို့ မောဟဖုံးလွှမ်းသဖြင့် မောဟခန္ဓာ ဖြစ်ရတယ်၊ တိရစ္ဆာန်ဖြစ်ရမှာ။

ဒါကြောင့် 'ရုပ်-နာမ်'ကို အမှန်မြင်၊ အမှန်သိ၊ အမှန်ထင်မှ သမ္မာဒိဋ္ဌိဖြစ်မှာ၊ ဒီတော့မှ အပါယ်က လွတ်မှာ။

(၁) ရူပက္ခန္ဓာ သည် အကျိုးတရား၊ ရူပက္ခန္ဓာ အကျိုးတရားမှ အကြောင်း ပြန်လိုက်တော့ ဝေဒနက္ခန္ဓာသည် အကျိုးတရား။

(၂) ဝေဒနက္ခန္ဓာ အကျိုးတရားမှ အကြောင်း ပြန်လိုက်တော့ သညက္ခန္ဓာသည် အကျိုးတရား။

(၃) သညာက္ခန္ဓာ အကျိုးတရားမှ အကြောင်း ပြန်လိုက်တော့ သင်္ခါရက္ခန္ဓာသည် အကျိုးတရား။

WWW.DHAMMARANSI.COM



(၄) သင်္ခါရက္ခန္ဓာ အကျိုးတရားမှအကြောင်းပြန်လိုက်တော့—

(၅) ဝိညာဏက္ခန္ဓာသည်အကျိုးတရားဖြစ်သည်။

အရိယာ သူတော်ကောင်းများကတော့ ခန္ဓာငါးပါး အကြောင်းအကျိုးတရားတွေကိုလဲ သင်္ခြင်သုံးသပ်နေတယ်၊ ပစ္စုပ္ပန်ရုပ်နာမ် သဘောတရားတွေကိုလဲ အမှန်အတိုင်း သိလာတယ်၊ ရုပ်အနတ္တ-နာမ်အနတ္တကို ကိုယ်တိုင် မြင်နေပြီဖြစ်၍ အားကိုးအားထား အစစ်အမှန် ရသွားကြပြီ။

## ၁၃။ အရိမေတ္တေယျဘုရားကို စောင့်မျှော်ခြင်း

အနာဂတ် ကို အားကိုးကြသည့်ကိစ္စနှင့်စပ်လျဉ်းလို့ ဒကာကြီးအချို့ မေးလျှောက် ကြသဖြင့် အကြောင်းအားလျော်စွာ ပြောရအုံးမယ်။

(က) အချို့အချို့သော ပုဂ္ဂိုလ်များကနောင်ပွင့်လတံ့သော အရိမေတ္တေယျ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ရှေးဦးစွာ ဖူးတွေ့ ရပါလို၏ဟု ဆုတောင်းနေကြတာက တမျိုးလို့ ဒကာကြီးများ လျှောက်ကြတယ်။

ယခု ဂေါတမရှင်တော်မြတ်ဘုရား၏ နောက်ပိုင်းဆုံး သာသနာတော်ကြီးနှင့် ကြုံကြိုက်နေပါလျက်

WWW.DHAMMARANSI.COM



သမထ ဝိပဿနာ တရားတွေကိုတော့ ကျင့်ကြံ အားထုတ်ခြင်း မလုပ်ဘဲ၊ နောင် ပွင့်လတံ့သော အရိမေတ္တေယျ ဘုရားရှင်ကို ဖူးဦးစွာဖူးတွေ့ရပါလို၏ဟု ဆုတောင်းနေတာ၊ ဒီကြားထဲ အကုသိုလ်ကပေးချိန်နှင့် တိုက်ဆိုင်နေပါက၊ အပါယ်သံသရာ ဂျောက်ထဲကျနေမှုဖြင့် နောင် ပွင့်လတံ့သော ဘုရားရှင်ကိုလဲမမှီ၊ လူဖြစ်ကျိုးရှုံးခြင်းကြီးမကာ ဆုံးရှုံးရပေလိမ့်မည်။

(ခ) နောက်ဘမျိုးကတော့—

"မဟာဗုဒ္ဓဟော၊ စိမ်းမြ ဝသည်၊ ရွှေညောင်ပင်အောက်၊ ပေါက်သည့်ထူးဆန်း၊ မလွင်နန်းဆက်မှာ၊ ချိန်ခါကျမှဖြင့်၊ ဝတီသာနတ်ပြည်၊ ဗြဟ္မာပြည်၊ လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်ဘို့မှ စုံညီစွာ ကြွရောက် လာကြကုန်သော တန်ခိုးတော် အထွေထွေ၊ ကြက်သရေတော် အနန္တ၊ ပဋ္ဌာနသုံးသွယ်၊ အရှယ်တော်အစားစား ပါတ်တော်အများတို့သည်ပွင့်တော်မူစ၊ ဗုဒ္ဓပုံဟန်၊ ၃၂ တန်သောလက္ခဏာတော်တို့ဖြင့် ဘုရားရှင် ကိုယ်တော်မြတ်၏ အသွင်ကိုဆောင်လျက် ပေါ်ထွန်း ပွင့်သာပြီး 'နိမ္မိတ' ဘုရားကြီးသည်၊ သစ္စာလေးပါးမြတ်တရားကို ဟောကြားလတံ့" ဟူ၍ ထိုခါတ်ပေါင်းစုံ ကိုယ်တော်မြတ်ကြီး၏ ရောင်တော်

WWW.DHAMMARANSI.COM



ပြန်ပွဲ၊ ဝင်ကာနဲ့ဘို၊ အားခဲစောင့်မြှော်နေကြတောက် တမျိုးလို့ ဒကာကြီးများ လျှောက်ကြတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကဟော ခဲ့တာကတော့—

ဖြစ်ဆဲရုပ်သည် ဖြစ်ပြီးမဟုတ်၊
ဖြစ်ပြီးရုပ်သည် ဖြစ်လတံ့မဟုတ်၊
ဖြစ်လတံ့ရုပ်သည် ဖြစ်ဆဲမဟုတ်လို့ ဟောကြား ထားတော့ ပျက်သွားတဲ့ရုပ်ဟာ၊ပြန်ပြီးတော့အသစ် တဖန် ဘယ်တော့မှ မဖြစ်နိုင် ဆိုသားလေတော့ အဆိုပါ ရောင်တော်ပြန်ဘုရား ကိစ္စ စဉ်းစားစရာ ဖြစ်လာတယ်။

ဦးပဇင်း၏ အမှန်သဘာတရားဟူ၍ ယူဆချက် ကတော့ ဂေါတမဘုရားသာသနာတော် 'ကာလ ဝိမုတ္တိ' 'ယုဂခေတ်' အနုတ္တ သာသနာ တပါတ်ပြန် လှည့်လာတာ ရောင်တော်ပြန်ခေါ်တယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ရရှိထားသော သစ္စာလေးပါး မြတ်တရားများ၊ ဆောင်တော်စွေ ဟပ်နေတာ တကဲ့ အစစ်အမှန် ရောင်တော်ပြန်ဘုရား ပါဘဲ။

## ပေါက်ခတော်အစစ်

ဘုရားပေါက်ဖော် တွေဆိုတာကလဲ အစစ်အမှန်

WWW.DHAMMARANSI.COM


ကတော့ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး တရားတွေ ပါဘဲ။

(သံ) ကောဏ္ဍသံဘုရား ရရှိသော သစ္စာလေး ပါး ဓါတ်တွေဟာ ဂေါဏာဂုံ ဘုရားတိုင်၊ အရောင် ပြန်ဟပ်တယ်။

(ဂုံ) ဂေါဏာဂုံဘုရားရရှိသောသစ္စာလေးပါး ဓါတ်တွေဟာ ကဿပ ဘုရားတိုင် အရောင်ပြန်ဟပ် တယ်။

(ပ) ကဿပဘုရား ရရှိသော သစ္စာလေးပါး ဓါတ်တွေဟာ ဂေါတမဘုရားတိုင် အရောင်ပြန်ဟပ် တယ်။

(မ) ဂေါတမဘုရား ရရှိသော သစ္စာလေးပါး ဓါတ်တွေဟာ အရိမေတ္တေယျ ဘုရားတိုင် အရောင် ပြန်ဟပ်လိမ့်မယ်။

(ယျ) အရိမေတ္တေယျ ဘုရားပြီးနောက်၊ သုည ကမ္ဘာတွေကျတော့ သစ္စာလေးပါးမြတ်တရား တွေလဲ ကွယ်ပျောက်သွားလိမ့်မည်။

ပေါ်ထွန်းပြီးဖြစ်သော ဘုရားလေးဆူတို့၏ ရရှိ ထားသော သစ္စာလေးပါးတရားများ ပေါ်လွင်ထင် ရှားလာ၍၊ ဘုရားလေးဆူတို့၏ သစ္စာလေးပါးတရား တွေ ပေါ်ထွန်း လာတာမှ ရှောင်တော်ပြန်ဘုရား အစစ် လို့ ခေါ်တယ်။

WWW.DHAMMARANSI.COM



## ရောင်တော်ပြန်ဘုရားအစစ်

အမြိုမြို အရှုရှုမှ ယခုအခါ သမထ-ဝိပဿနာ တရားတွေ ထွန်းကားပေါ်ထွက်နေတာ ဘုရားဓါတ်တော်တွေပေါ်နေတာဘဲ၊ ဘုရားဓါတ်တော်အစစ်ကတော့ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး တရားတွေပါဘဲ။

## ဓါတ်တော်အစစ်

သမထ-ဝိပဿနာတရားတွေ ကျင့်ကြံအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကတော့ လူ-နတ်-ဗြဟ္မာ ခေါ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပါဘဲ၊ နတ်တွေ၊ ဗြဟ္မာတွေက လူ့ပြည်သက်ဆင်းလာပြီး၊ သမထ၊ဝိပဿနာ တရားတွေ အားထုတ်နေကြတာဘဲဟု မှတ်ယူရမှာဘဲ။

ဒါကြောင့် ဒကာကြီးတို့-ဒကာမကြီးတို့အားကိုးမမှားကြလေနဲ့၊ အားကိုးမှားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဆရာမှားနှင့်တွေ့တဲ့ပုဂ္ဂိုလ်တွေဘဲ၊ သူတို့အတွက်သံသရာကြီး ရှေ့ရှောက်လယ်အုံးမယ်။

ယခုအခါ 'ဂေါတမ' ရှင်တော် မြတ်ဘုရား၏ သာသနာတော်နှင့် ကြုံကြိုက်နေပါလျက်၊ နေရောင်လရောင်လို ဝိပဿနာ တရားတွေ ပေါ်ထွန်းနေပါလျက်၊ ခုတကယ်လုပ်လျှင် ခုတကယ်တန်း၊ တရားထူးတရားမြတ်တွေ ရနိုင်ပါလျက်နှင့် နေ့ခင်းပွင့်မဲ့ 'အရိမေတ္တေယျဘုရားကို စောင့်မြော် နေတာ "ရောင်

WWW.DHAMMARANSI.COM



တော်ပြန်နိမ္မိတဘုရား”ကိုစောင့်မြော်နေတာ ဘာနဲ့
တူသလဲဆိုတော့ လောကီ စကားလုံး သုံးနှုန်းရရင်
တော့ ‘အမေကျော်-ဒွေးတော်လွမ်း’ ဆိုတာလို ဖြစ်
နေတော့တယ်။ ပို့မဲ့ခရီး ကတို့ သင်္ဘောကြီးပေါ်
ကိုနေဆိုနေ ရောက်နေပါလျက်၊ နောက်ကတို့
သင်္ဘောကို စောင့်မြော်နေတော့ လက်ငင်းအကျိုး
မသက်ရောက်နိုင် ဖြစ်ပေလိမ့်မယ်။

## အားကိုးအားထားအစစ်

ဒကာကြီးတို့-ဒကာမကြီးတို့ မိမိ ‘ခန္ဓာ’ ကိုသာ
အားကိုး ကြရမယ်၊ မိမိ ‘ခန္ဓာ’ ကို ဝိပဿနာဉာဏ်၊
ဝိပဿနာ ပညာဖြစ်အောင် ရှုမှတ် ဆင်ခြင်ပွားများ
နေကြရမယ်၊ သစ္စာလေးပါး တရားကို ကိုယ်တိုင်သိ၊
ကိုယ်ဘိုင်ရအားမှသာ အားကိုးအားထားအစစ် ရ
တယ်ခေါ်တယ်၊ ဒကာကြီးတို့-ဒကာမကြီးတို့—

## ပဋိစ္စသမုပ္ပါဒ်တရား

ဘဝသံသရာတလျှောက်၌၊ ပဋိစ္စသမုပ္ပါဒ် စက်ရ
ဟတ်ဖြင့် လောကကြီး-ဒီဘုံမှာ၊ဆီဆုံမှာ၊ တဝဲလယ်
၌၊ အနန္တ အသွယ်သွယ်ဖြစ်လျက် နေကြရကုန်တယ်၊
ပဋိစ္စသမုပ္ပါဒ် တရားကို သိသောဉာဏ်ရမှသာ ဒိဋ္ဌိ
နှင့်ဝိစိကိစ္ဆာ တရားနှစ်ပါးတို့ကို ပယ်ဖျောက် နိုင်
မယ်၊ ဘို့အတွက် ပဋိစ္စသမုပ္ပါဒ်တရားကို ရှာဘို့လို
တယ်၊ ပဋိစ္စသမုပ္ပါဒ်တရား ‘ခန္ဓာ’ ထဲ ရှာလျှင်တွေ့

WWW.DHAMMARANSI.COM


လိမ့်မယ်၊ ဘဝတွေ အမျိုးမျိုး ပြောင်းလဲဖြစ်ပျက်နေတာ တွေ့လိမ့်မယ်။

(က) ပဋိစ္စသမုပ္ပါဒ် လယ်တဲ့တရား၊

(ခ) ပဋိစ္စသမုပ္ပါဒ် ရပ်တဲ့တရား၊

(ဂ) ပဋိစ္စသမုပ္ပါဒ် လွှဲတဲ့တရား'ခန္ဓာ'ထဲမှာ ရှာလျှင် တွေ့လိမ့်မယ်။

## (၁၄)က။ ပဋိစ္စသမုပ္ပါဒ်လယ်တဲ့တရား

(၁) မျက်စိနှင့်အဆင်း တိုက်ခိုက် လိုက်လျှင် 'ဆန္ဒရာဂ'ဖြစ်ပေါ်လာလျှင်၊

(၂) နားနှင့်အသံ တိုက်ခိုက်လိုက်လျှင် 'ဆန္ဒရာဂ' ဖြစ်ပေါ်လာလျှင်၊

(၃) နှာခေါင်းနှင့်အနံ့ တိုက်ခိုက် လိုက်လျှင် 'ဆန္ဒရာဂ'ဖြစ်ပေါ်လာလျှင်၊

(၄) ပါးစပ်နှင့် ရသာ တိုက်ခိုက်လိုက်လျှင် 'ဆန္ဒရာဂ' ဖြစ်ပေါ်လာလျှင်၊

(၅) ကိုယ်နှင့်အတွေ့ တိုက်ခိုက်လိုက်လျှင် 'ဆန္ဒရာဂ' ဖြစ်ပေါ်လာလျှင်၊

(၆) မနောနှင့်ဓမ္မ တိုက်ခိုက်လိုက်လျှင် 'ဆန္ဒရာဂ'ဖြစ်ပေါ်လာလျှင် ကိလေသာအာရုံပေါ်တယ်၊ သံယောဇဉ် အနှောင်အဖွဲ့ဖြစ်ပြီ၊ ဒီကိလေသာ အာရုံတွေဟာ ပဋိစ္စသမုပ္ပါဒ် လယ်စေတဲ့ တရားတွေဘဲ။

WWW.DHAMMARANSI.COM



## သံယောဇဉ်

သံယောဇဉ်က အတိတ် သံယောဇဉ်၊ ပစ္စုပ္ပန် သံယောဇဉ်၊ အနာဂတ် သံယောဇဉ်၊ သုံးပါး၊ သံယောဇဉ်နှောင်ကြိုး၊ အနှောင်အဖွဲ့ ဆိုတာ သမီးကိုရင်း သားကိုရင်း၊ မြေးကိုရင်း၊ ခင်ပွန်းသည်မကိုရင်း၊ ခင်ပွန်းသည်ယောကျ်ားကိုရင်း၊ ပစ္စည်းဥစ္စာကိုရင်း ဆိုတာမဟုတ်ဘူး။

ဒါတွေက သံယောဇနိယ တရားလို့ ဆိုတယ်၊ သံယောဇဉ်ဆိုတာက 'ဆန္ဒနှင့်ရာဂ' ကိုဆိုတာကောင်းတဲ့ဆန္ဒ၊ မကောင်းတဲ့ဆန္ဒ၊ ကောင်းတဲ့ရာဂ၊ မကောင်းတဲ့ရာဂရှိတယ်။

## သံယောဇဉ် အနှောင်အဖွဲ့

(၁) အကြောင်း အားလျော်စွာ မျက်စိနှင့် အဆင်း တိုက်ခိုက်လိုက်လျှင် မျက်စိသည် ရူပါရုံတို့၏ အနှောင်အဖွဲ့မဟုတ်၊ ရူပါရုံတို့သည်မျက်စိ၏အနှောင်အဖွဲ့မဟုတ်၊ အမှန်မှာကား-ထိုနှစ်ပါး ပေါင်းဆုံ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်လာပြီး၊ ထိုနှစ်ပါးကို စွဲ၍ ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' တို့သည်ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့ဖြစ်သည်။

(၂) နားနှင့်အသံတိုက်ခိုက်လိုက်လျှင်နားသည် သဒ္ဒါရုံတို့၏ အနှောင်အဖွဲ့မဟုတ်၊ သဒ္ဒါရုံတို့သည်

WWW.DHAMMARANSI.COM



နား၏ အနှောင်အဖွဲ့မဟုတ်၊ အမှန်ကား ထိုနှစ်ပါး ပေါင်းဆုံ၍ သောတဝိညာဏ် ဖြစ်ပေါ်လာပြီး၊ ထိုနှစ်ပါးကိုစွဲ၍ ဖြစ်သော လိုချင် 'စွဲမက်မှု' 'ဆန္ဒရာဂ' သည် ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့ဖြစ်သည်။

(၃) နှာခေါင်းနှင့် အနံ့ တိုက်ခိုက်လျှင် နှာခေါင်းသည် ဂန္ဓာရုံတို့၏ အနှောင်အဖွဲ့မဟုတ်၊ ဂန္ဓာရုံတို့သည်နှာခေါင်း၏အနှောင်အဖွဲ့မဟုတ်၊ အမှန်ကား ထိုနှစ်ပါး ပေါင်းဆုံ၍ ဃာနဝိညာဏ် ဖြစ်ပေါ်လာပြီး၊ ထိုနှစ်ပါးကိုစွဲ၍ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့ ဖြစ်သည်။

(၄) လျှာနှင့် ရသာ တိုက်ခိုက်လိုက်လျှင် လျှာသည် ရသာရုံတို့၏ အနှောင်အဖွဲ့မဟုတ်၊ ရသာရုံတို့သည် လျှာ၏ အနှောင်အဖွဲ့မဟုတ်၊ အမှန်ကား ထိုနှစ်ပါးပေါင်းဆုံ၍ ဇိဝှာဝိညာဏ် ဖြစ်ပေါ်လာပြီး၊ ထိုနှစ်ပါးကို စွဲ၍ဖြစ်သော လိုချင်စွဲမက်မှု'ဆန္ဒရာဂ သည်ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့ဖြစ်သည်။

(၅) ကိုယ်နှင့် အတွေ့ တိုက် ခိုက် လိုက် လျှင် ကိုယ်သည် ဖောဋ္ဌဗ္ဗာရုံတို့၏ အနှောင်အဖွဲ့မဟုတ်၊ ဖောဋ္ဌဗ္ဗာရုံတို့သည် ကိုယ်၏ အနှောင်အဖွဲ့မဟုတ်၊ အမှန်ကား ထိုနှစ်ပါး ပေါင်းဆုံ၍ ကာယဝိညာဏ် ဖြစ်ပေါ်လာပြီး၊ ထိုနှစ်ပါးကိုစွဲ၍ ဖြစ်သော လိုချင်

WWW.DHAMMARANSI.COM



စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့ ဖြစ်သည်။

(၆) မနောနှင့်ဓမ္မတိုက်ခိုက်လိုက်လျှင်စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့မဟုတ်၊ သဘောတရားတို့သည် စိတ်၏အနှောင်အဖွဲ့မဟုတ်၊အမှန်ကား ထိုနှစ်ပါးပေါင်းဆုံ၍ 'မနောဝိညာဏ်' ဖြစ်ပေါ်လာပြီး၊ ထိုနှစ်ပါးကို စွဲ၍ ဖြစ်သော လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' သည် ထိုနှစ်ပါးတို့၌ အနှောင်အဖွဲ့ ဖြစ်သည်ဟု ကောင်းစွာ မှတ်ရမည်။

ဝိညာဏ်(၆)ပါး

(၂၄)နာရီ ရှိတဲ့အနက် တံခါး(၆)ပေါက်က အာရုံ(၆)နှင့် တိုက်ခိုက်တိုင်း 'ဝိညာဉ်(၆)ပါး' ဖြစ်ပေါ်လာပြီး၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ'စိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ ဖြစ်ပေါ် လာခဲ့တယ်၊ ဘာကြောင့်လဲ မမြင်အပ်တဲ့တရား၊ မသိအပ်တဲ့တရားတွေကိုသာသိလို့၊ အမှန်မမြင်၊အမှန်မသိလို့ဘဲ၊ ဝေဒနာကို ဝေဒနာမှန်းလဲ မသိလို့၊ နာမ်အကြောင်း-ရုပ်အကျိုး၊ ရုပ်အကြောင်း- နာမ် အကျိုး၊ အကြောင်း အကျိုးတရားတွေ မသိခဲ့လို့ ခန္ဓာငါးပါး၊ သစ္စာတရား၊ဓါတ်တရား ပရမတ်တရားတွေကိုလဲ မသိခဲ့လို့ ရုပ်-နာမ်လဲ မကွဲလို့ စိတ္တဇဖန်ဆင်းတဲ့ရုပ်၊ ဥပါဒါန် ကြောင့် ဖြစ်တဲ့ရုပ်မှန်းလဲမသိ၊ အကြောင်းသညာက

WWW.DHAMMARANSI.COM



လိမ်နေလို့အကျိုး၊ ရာဂခန္ဓာ၊ ဒေါသခန္ဓာ၊ မောဟခန္ဓာတွေဖြစ်နေရတယ်ဆိုတာကိုလဲ မသိခြင်းကြောင့်ပါဘဲ၊ မျက်စိက လယ်တာမဟုတ်၊ စိတ်က လယ်နေတာ သဘောပေါက်ကြရမယ်။

**စိတ်က လယ်နေပုံ**

(၁) ဒကာမမြင်တော့ ဒကာမလို့ သညာပေးလို့ ဒကာမလို့သိတဲ့စိတ်၊ ဒကာကိုမြင်တော့ ဒကာလို့ သညာပေးလို့ ဒကာလို့ သိတဲ့စိတ်၊

(၂) နားနှင့်အသံ တိုက်ခိုက်တော့ ဒကာမအသံကြားတော့ ဒကာမအသံလို့ သိတဲ့စိတ်၊ ဒကာအသံကြားတော့ ဒကာအသံလို့ သိတဲ့စိတ်။

(၃) နှာခေါင်းနှင့်အနံ့ တိုက်ခိုက်လိုက်တော့ နှာခေါင်းက ချဉ်စော်နံလို့ ချဉ်စော်နံတယ်လို့ သိတဲ့စိတ်၊ မွှေးစော်နံလို့ မွှေးစော်နံတယ်လို့ သိတဲ့စိတ်။

(၄) လျှာနှင့်ရသာ တိုက်ခိုက်လိုက်တော့ ချိုတာစားမိတော့ ချိုတယ်လို့ သိတဲ့စိတ်၊ ငံတာစားမိတော့ ငံတယ်လို့ သိတဲ့စိတ်။

(၅) ကြိုက်နှစ်သက်တဲ့ အတွေ့အထိ ကျပြန်တော့ ကပ်ငြိတဲ့'ရာဂ'စိတ်၊ မကြိုက်နှစ်သက်တဲ့ အတွေ့အထိ ကျပြန်တော့ မခံစားချင်တဲ့ ဒေါသစိတ်။

(၆) မနောနှင့်ဓမ္မ ပေါင်းဆုံတော့ ကောင်းတာမြင်တော့ ကောင်းတာသိခဲ့တယ်၊ မကောင်းတာ

WWW.DHAMMARANSI.COM



မြင်တော့ မကောင်းစာသိခဲ့တယ်၊ တံခါး(၆)ပေါက်မှာလဲ ဇော(၅)ကြိမ်ကျခဲ့တယ်။

**တံခါးပေါက်မှ ဇောငါးကြိမ်ကျပုံ**

(က) မျက်စိပေါက်ကလဲ ဇောငါးကြိမ် ဆိုတာ=

(၁) ရူပက္ခန္ဓာဇော၊
(၂) ဝေဒနက္ခန္ဓာဇော၊
(၃) သညာက္ခန္ဓာဇော၊
(၄) သင်္ခါရက္ခန္ဓာဇော၊
(၅) ဝိညာဏက္ခန္ဓာဇော၊

(ခ) နားပေါက်ကလဲ ဇောငါးကြိမ်။
(ဂ) နှာခေါင်းပေါက်ကသဲ ဇောငါးကြိမ်။
(ဃ) ပါးစပ်ပေါက်ကလဲ ဇောငါးကြိမ်။
(င) ကိုယ်ပေါက်ကလဲ ဇောငါးကြိမ်။
(စ) မနောပေါက်ကလဲ ဇောငါးကြိမ်။

ပစ္စုပ္ပန်မှာ ဇောငါးကြိမ်ကျပြီး 'နာမ်-ရုပ်' ဖြစ်ပေါ်လာတယ်။

'ခန္ဓာငါးပါး' ဖြစ်သည်နှင့် တပြိုင်နက်၊ ဇောခုနစ်ကြိမ် ဖြစ်ပေါ်လေဘော့တယ်။ 'နာမ်-ရုပ်' ဖြစ်ပေါ်လာတော့ 'ဘဝ' ရလာတယ်၊ ဘဝရလာတော့ 'ဇာတိ' ဖြစ်ပေါ်လာတယ်၊ 'ဇာတိ' ဖြစ်ပေါ်လာတော့ 'ပဋိစ္စသမုပ္ပါဒ်' လယ်ပြန်ရော။

WWW.DHAMMARANSI.COM



## ခန္ဓာငါးပါး ဖြစ်ပေါ်ပုံ

ခန္ဓာငါးပါး၊ ရုပ်-နာမ် နှစ်ပါး ဖြစ်ပေါ်ပုံက တော့—

(၁) မျက်စိက ရုပ်-ရုပ်ချင်းမြင်တာ ရူပက္ခန္ဓာ၊

(၂) အဆင်း-မိန်းမမြင်လို့ ခံစားတာ ဝေဒ နက္ခန္ဓာ၊

(၃) မိန်းမဘဲ၊ ချောတယ်-လှတယ်လို့ သညာ ပေးလိုက်တာ သညက္ခန္ဓာ၊

(၄) မိန်းမဘဲလို့ ကပ်ငြိတဲ့စိတ် ဖြစ်ပေါ်လာ တာက သင်္ခါရက္ခန္ဓာ၊

(၅) မိန်းမ အဆင်းကို သိလိုက်တာက၊ သိပြီး ပျက်တဲ့သဘောက ဝိညာဏက္ခန္ဓာ၊

ခန္ဓာငါးပါးသာ ဖြစ်လာတယ်၊ ခန္ဓာငါးပါး သာ ချုပ်သွားတယ်။

## မီး (၁၁) ပါး ဖြစ်ပေါ်ပုံ

ဇာတိဖြစ်ပေါ်လာသည်နှင့်တပြိုင်နက်—

(၁) မျက်စိပေါက်ကလဲ ရာဂ၊ (လောဘ)မီး၊ ဒေါသမီး၊ မောဟမီး။

(၅) နားပေါက်ကလဲ ရာဂ၊ (လောဘ)မီး၊ ဒေါသမီး၊ မောဟမီး။

WWW.DHAMMARANSI.COM



(၃) နှာခေါင်းပေါက်ကလဲ ရာဂ (လောဘ)မီး ဒေါသမီး၊ မောဟမီး။

(၄) ပါးစပ်ပေါက်ကလဲ ရာဂ (လောဘ)မီး၊ ဒေါသမီး၊ မောဟမီး။

(၅) ကိုယ်ပေါက်ကလဲ့ ရာဂ (လောဘ)မီး၊ ဒေါသမီး၊ မောဟမီး။

(၆) မနောပေါက်ကလဲ ရာဂ (လောဘ)မီး၊ ဒေါသမီး၊ မောဟမီး။

မီး(၁၁)ပါး ထ၍ တောက်လောင် ကြတော့ တယ်၊ မီး(၁၁)ပါးဆိုတာ လောဘ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါ မနဿ၊ ဥပါယာသလို့ စာလိုဆိုတယ်။

ဒီမီး(၁၁)ပါးက ဘာကြောင့်ထတောက်လောင် ကြသလဲ။

လောင်စာရှိလို့ဘဲ၊ လောင်စာကဘာလဲ ခန္ဓာ (၅)ပါး၊ ရုပ်-နာမ် နှစ်ပါးဘဲ၊ ဇာတိ အကြောင်းခံ တော့ ခန္ဓာ(၅)ပါးရလာတော့လောင်စာဖြစ်ပေါ် နေတော့တာဘဲ၊ ဒီလောင်စာနှင့်မီး(၁၁)ပါး တွဲနေ တော့ အမြဲဓာန်း တောက်လောင်နေတာဘဲ၊ 'ခန္ဓာ ဝန်' လက်စသိမ်း၍ လောင်စာ မရှိတော့မှ ဒီမီးတွေ ငြိမ်းမှာ။

WWW.DHAMMARANSI.COM



အောက် သံသရာ၊ အလယ် သံသရာ၊ အထက် သံသရာ ဟု သံသရာ(၃)ပါးရှိတယ်။

## သံသရာ ရှေ့အစွန်း-နောက်အစွန်း

တဖန် သိရမှာက–

ပစ္စုပ္ပန် သံသရာ–ရှေ့အစွန်း–နောက်အစွန်း၊

အတိတ် သံသရာ–ရှေ့အစွန်း–နောက်အစွန်း၊

အနာဂတ်သံသရာ-ရှေ့အစွန်း–နောက်အစွန်း၊

လွတ်မှသာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နိုင်မယ်၊ သို့မဟုတ်ပါက–

(၁) မျက်စိနှင့်အဆင်း တိုက်ခိုက်လျှင် အမြင်ပေါ်မှာ ပစ္စုပ္ပန် ဒိဋ္ဌိနှင့်တကွာ အစွန်း(၂)ပါးငြိပြီ။

(၂) နားနှင့်အသံ တိုက်ခိုက်လျှင် အသံပေါ်မှာ ပစ္စုပ္ပန် ဒိဋ္ဌိနှင့်တကွာ အစွန်း(၂)ပါးငြိပြီ။

(၃) နှာခေါင်းနှင့်အနံ့ တိုက်ခိုက်လျှင် အနံ့ပေါ်မှာ ပစ္စုပ္ပန် ဒိဋ္ဌိနှင့်တကွာ အစွန်း(၂) ပါးငြိပြီ။

(၄) လျှာနှင့်ရသာ တိုက်ခိုက်လျှင် ရသာပေါ်မှာ ပစ္စုပ္ပန် ဒိဋ္ဌိနှင့်တကွာ အစွန်း(၂)ပါးငြိပြီ။

(၅) ကိုယ်နှင့် အတွေ့ တိုက်ခိုက်လျှင် အတွေ့ပေါ်မှာ ပစ္စုပ္ပန် ဒိဋ္ဌိနှင့် တကွာ အစွန်း(၂)ပါးငြိပြီ။

(၆) မနောနှင့် ဓမ္မပေါင်းဆုံလျှင် ဓမ္မပေါ်မှာ ပစ္စုပ္ပန် ဒိဋ္ဌိနှင့်တကွာ အစွန်း(၂)ပါးငြိပြီ။

WWW.DHAMMARANSI.COM



## ဒိဋ္ဌိနှင့်တဏှာ အစွန်း(၂)ပါး

(က) မျက်စိနှင့် အဆင်း တိုက်ခိုက်လိုက်တော့ ဒကာမမြင်လို့ ဒကာမကိုသိလျှင် ဒိဋ္ဌိ၊ ဒကာမကို ကပ်ငြိလျှင် တဏှာ၊ ဒကာကိုမြင်လို့ ဒကာကိုသိလျှင် ဒိဋ္ဌိ၊ ဒကာကို ကပ်ငြိလျှင် တဏှာ အစွန်း(၂)ပါး မလွတ်။

(ခ) အသံပေါ်ကလဲ ဒိဋ္ဌိနှင့်တဏှာ အစွန်း (၂)ပါးမလွတ်။

(ဂ) အနံ့ပေါ်ကလဲ ဒိဋ္ဌိနှင့်တဏှာ အစွန်း(၂) ပါးမလွတ်။

(ဃ) အရသာ ပေါ်ကလဲ ဒိဋ္ဌိနှင့်တဏှာ အစွန်း(၂)ပါးမလွတ်။

(င) အတွေ့ပေါ်ကလဲ ဒိဋ္ဌိနှင့်တဏှာ အစွန်း (၂)ပါးမလွတ်။

(စ) ဓမ္မပေါ်ကလဲဒိဋ္ဌိနှင့်တဏှာအစွန်း(၂)ပါး မလွတ်။

ဒိဋ္ဌိနှင့်တဏှာ အစွန်း(၂)ပါး မလွတ်နိုင်လျှင်တော့ အပါယ်မှမလွတ်နိုင်၊ နောက်ပိတ်ဆုံး ဘုရားသာသနာမှာ စိတ်တွေပြောင်းကြဘို့ အချိန်တော်ပြီ၊ အသိပြောင်း၊ အမြင်ပြောင်း၊ အယူအဆပြောင်းကြမှ တော်လိမ့်မယ်၊ ခန္ဓာ(၅)ပါး၊ ရုပ်-နာမ်တရား၊ နာမ်အကြောင်း-ရုပ်အကျိုး၊ ရုပ်အကြောင်း-နာမ်အကျိုး

WWW.DHAMMARANSI.COM


သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ အတွင်းအာယတန (၆)ပါး၊ အပြင်အာယတန(၆)ပါး၊ ဓါတ်(၁၈)ပါး၊ သတိပဋ္ဌာန်တရားလေးပါး အစရှိသော တရားတွေကို သိလျှင်သိ၊ ပညတ် ပရမတ် ကွဲလျှင်ကွဲ၊ ဝိပဿနာ-ဘာဝနာတရားကို လုပ်လျှင်လုပ်၊ မလုပ်လျှင်တော့ ကိုယ်ကျိုးနဲ့ ကြတော့မယ်၊ လူတသိန်းသေလို့ လူဘယောက် ပြန်ဖြစ်ဘို့ အလွန်ခဲယဉ်းလှတယ်။

## (၁၅) ခ။ ပဋိစ္စသမုပ္ပါဒ်ရပ်တဲ့ဘရား

သမ္မာဒိဋ္ဌိအသိ........မိစ္ဆာဒိဋ္ဌိအသိ၊
ပရမတ် ........ပညတ်၊
ပရမတ်သစ္စာ ........သမုတိသစ္စာ၊

တို့ကို ခွဲခြားပြီး သိနားလည်ထားရမယ်၊ရုပ်-နာမ်ဓမ္မသဘာဝတွေကို အမှန်သိရမယ်၊ အမှန်မြင်ရမယ်၊ အသိတလုံး အမြတ်ဆုံးဘဲ၊ အမှန်သိအမှန်မြင်ကြမယ်ဆိုလျှင် မနောနှင့်ဓမ္မ ပေါင်းဆုံလိုက်တော့ ဓမ္မရုပ်အပေါ်မှာ စိတ္တက္ခဏ ကလေးနှင့် သောတာပန်တည်နိုင်တယ်။

အမှန်မြင် အမှန်သိရမှာက မျက်စိရုပ်နှင့်အဆင်းရုပ် တိုက်ခိုက်လိုက်တော့ သိလုံးနာမ်တရားပေါ်ပြီး၊ ဖဿဝေဒနာ ဖြစ်ပေါ်လာတယ်၊ ဝေဒနာကို နာမ်

WWW.DHAMMARANSI.COM



ကညွတ်ပြီး ခံစားတယ်၊ ခံစားပြီး ပျက်တဲ့သဘောသာ ရှိတယ်၊ ဒီလိုမြင် ဒီလိုသိပါမှ ဝိဇ္ဇာဉာဏ်ဖြင့် သိအပ်သော ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်တယ်။

**သတိပဋ္ဌာန်တရားလေးပါး**

'ခန္ဓာ' မှာသတိပဋ္ဌာန့်တရားလေးပါး နှင့်လိုက်ရမယ်။

သတိပဋ္ဌာန်တရား လေးပါးက လွဲလို့ နိဗ္ဗာ ရောက်ကြောင်း တရားမရှိဘူး။ သတိပဋ္ဌာန်တရား လေးပါးကား နိဗ္ဗာန်သို့သွားရန် တကြောင်းတည်းသော လမ်းမှန်ဖြစ်တယ်။ သတိပဋ္ဌာန်တရားလေးပါးကို သိရှိနားလည် သဘောပေါက်ဘို့ အရေးကြီးတယ်။

သတိပဋ္ဌာန်လေးပါးကား–

(၁) ကာယ သတိပဋ္ဌာန် – ကာယနုပဿနာ (သောတာပန်)။

(၂) ဝေဒနာသတိပဋ္ဌာန် – ဝေဒနာ နုပဿနာ (သကဒါဂါမ်)။

(၃) စိတ္တ သတိပဋ္ဌာန် – စိတ္တာ နုပဿနာ (အနာဂါမ်)။

(၄) ဓမ္မသတိပဋ္ဌာန် – ဓမ္မာနုပဿနာ (ရဟန္တာ)

(က) မြင်လိုက်တဲ့ အဆင်းပေါ်မှာ ခံစားတဲ့သဘောသိလိုက်တာက – **ကာယသတိပဋ္ဌာန်**၊ ခံစားတဲ့

WWW.DHAMMARANSI.COM



အပျက်သဘော သိလိုက်တာက ကာယနုပဿနာ ခေါ်တယ်။

(ခ) ကာယသတိပဋ္ဌာန် ရုပ်ကိုညွှတ်မှု၊ တဖန် ရုပ်ကိုမြင်ပြီးမှ ရုပ်ဝေဒနာ နာမ်ခံစားတဲ့ သဘော တရားက ဝေဒနာသတိပဋ္ဌာန်၊ ဝေဒနာကို ခံစားပြီး အပျက်သဘောကိုသိလိုက်တာက ဝေဒနာနုပဿနာ။

(ဂ) ဝေဒနာချုပ်ပြီး ခံစားမှု ချုပ်သွားလို့ ပကတိ စိတ်ကလေး ကျန်နေတာက စိတ္တာသတိ ပဋ္ဌာန်၊ ပကတိစိတ်ကလေး၏ အပျက်သဘော၊ မမြဲ ခြင်းသဘောကို သိလိုက်တာက စိတ္တာနုပဿနာ။

(ဃ) ရုပ်သဘော-နာမ်သဘော တရားတွေကို အမှန်အတိုင်း သိလိုက်တာက ဓမ္မာသတိပဋ္ဌာန်၊ ရုပ်နာမ် တရားတွေ သူ့သဘောနှင့်သူ ပျက်နေတယ်၊ မမြဲဘူး ဟုသိလိုက်တာက ဓမ္မာနုပဿနာ။

အကျိုးသတ်တရား-အကြောင်းသတ်တရား

အကျိုးသတ်တရား၊ အကြောင်းသတ်တရားကိုလဲ သိထားရမယ်။

ဝေဒနာတခုပေါ်လာတော့၊ကောင်းလာလျှင်ကောင်း တယ်လို့သိ၊ ဆောင့်တာပေါ်လာလျှင် ဆောင့်တယ် လို့သိတာဟာ အတိတ်ကာလကသိလာတဲ့စိတ်တွေဘဲ၊ အဲဒီစိတ်တွေက အကျိုးသတ်တရားတွေဘဲ၊မြင်-ကြား နံ-စား-ထိ အာရုံ ငါးပါးနှင့် တိုက်ခိုက်တဲ့ အချိန်း

WWW.DHAMMARANSI.COM



အတိတ်ကာလကလဲ ဒီအတိုင်းသိတဲ့တရား၊ ပစ္စုပ္ပန်လဲ ဒီလိုသိတဲ့တရား၊ အနာဂတ်လဲ ဒီလိုသိတဲ့ တရားတွေမှာ အကျိုးသတ် တရားတွေဘဲ၊ မလွတ်ဘူး၊ အကြောင်းသတ် တရား တွေကတော့ ဝေဒနာတခု ပေါ်လာလျှင် စ-လယ်-ဆုံး သူ့သဘောလိုက်သိ၊ တင်းတာ တောင့်တာ ပေါ်လာလျှင်၊ တင်းတယ် တောင့်တယ်လို့မသိနိုင်၊ ဒါကပညတ်တရား၊ မရှိတဲ့ တရားဘဲ၊ သိရမှာက ပြောင်းလွဲဖေါက်ပြန် နေတဲ့ ရုပ်သဘောကိုသာသိ၊ ဖေါက်ပြန်တဲ့ 'ရုပ်' မှဖြစ်ပေါ်လာသော ဝေဒနာသည် 'ဝေဒနက္ခန္ဓာ' ဟု သိ။ ဝေဒနက္ခန္ဓာသည် 'နာမ်' ဟုသိ၊ နာမ်သည်တခုပြီးတခု လိုက်လိုက်ညွှတ်ပြီး ခံစားတတ်တဲ့ သဘောမျှဘဲလို့ သိလိုက်ကြ၊ ပဌမစိတ်က တင်းတာပေါ် တင်းတယ်လို့ သိတဲ့စိတ်၊ ဒါက အကုသိုလ်စိတ်၊ နောက်စိတ်က တင်းတာ ပေါ်လာတော့ ရုပ်တရား၊ ပြောင်းလွဲ ဖေါက်ပြန်နေတဲ့ ရုပ်ဝေဒနာဘဲ၊ နာမ်ကလဲ ဝေဒနာကိုလိုက်ညွှတ်ပြီး ခံစားတဲ့ သဘောသာ ရှိတယ်လို့ တဒင်္ဂမဂ်စိတ်ဖြင့် အကုသိုလ်စိတ်ကို သတ်လိုက်တော့တယ်၊ ရုပ်-နာမ် ပိုင်းခြားလို့ သိလာတယ်။

## သဘာဝလက္ခဏာသုံးပါး

(က) နာမ်ကလဲ ဝေဒနာတခု ပေါ်လာလျှင် ညွှတ်တတ်တဲ့ သဘော၊ ခံစားတတ်တဲ့သဘော။

WWW.DHAMMARANSI.COM



(ခ) ရုပ်ကလဲ ပြောင်းလွဲတဲ့သဘော၊ ဖေါက်ပြန်တဲ့သဘော။

(ဂ) မြင်တဲ့ အဆင်း ရုပ်-အသုဘ ကြီးကလဲ ပြောင်းလွဲ ဖေါက်ပြန်တဲ့သဘော။

စိတ်ကပျက်၊မနောကပျက်၊သဘာဝကပျက်နေတဲ့ သဘော၊သူ့ သဘောသူ ဆောင်နေဘယ်လို့ သဘာဝ လက္ခဏာ(၃)ပါးကိုသိနေလျှင် မဟာဘုတ်ဓါတ်ကြီး လေးပါးပေါ်က ဝေဒနာသညာမှ ဝေဒနာပညာ ဖြစ်ပြီး၊ ဖေါက်ပြန်တဲ့စိတ္တသခ်ါရပျောချုပ်လာသည်၊ 'ဝေဒနာ' မှ 'တဏှာ' ကို မကူးတော့ဘူး၊ ရုပ်-နာမ် ကွဲလာတော့ ပဋိစ္စသမုပ္ပါဒ် ရပ်နေပြီ။

## (၁၆) ဂ။ ပဋိစ္စသမုပ္ပါဒ်လွတ်မြောက်တဲ့တရား

ဉပဒါနက္ခန္ဓာ လွတ်မြောက်အောင် သံယောဇဉ် (၃)ပါး လွတ်မြောက်အောင် ဖေါက်ပြန်တဲ့ ရုပ် ဝေဒနာပေါ်ကစိတ်ကလေးကိုပြောင်းမှဖြစ်ကြမည်၊ ရုပ်ဝေဒနာတခုပေါ်လာလျှင် စိတ်ကဝေဒနာသည်၊ ဝေဒနက္ခန္ဓာ၊ ဝေဒနက္ခန္ဓာသည် နာမ်ဟု ဘုရားက ဟောတယ်၊ ဝေဒနာမှ နာမ်စိတ်ကိုပြောင်း၊ နာမ် သည်ညွှတ်တတ်တဲ့သဘော၊ ခံစားတတ်တဲ့သဘော၊ ခံစားတတ်တယ်ဆိုတဲ့ လက္ခဏာ သဘာဝကိုဘဲသိနေ

WWW.DHAMMARANSI.COM



တော့တယ်၊ 'ဝေဒနာ' ဟု သိတဲ့စိတ်မှ 'ခံစားတဲ့သဘော' သဘာဝကို ပြောင်းပြီးသိတဲ့စိတ် ဖြစ်ပေါ်နေလျှင် ပစ္စုပ္ပန် တည့်တည့် သဘာဝ လက္ခဏာကို အမှန်အတိုင်း နာမ်ခံစားတဲ့သဘောကိုသာ သိသဖြင့် အကြောင်းသတ်တရား၊ ပဋိစ္စသမုပ္ပါဒ်လွတ်မြောက်တဲ့ တရား ဖြစ်တော့တယ်။

ဝေဒနာဘာခုပေါ်လာသို့ တင်းလျှင်တင်းတယ်၊ တောင့်လျှင်တောင့်တယ်လို့ သိတဲ့စိတ်က အတိတ်က သိလာတဲ့စိတ်၊ သဲဝိဝိပ်တွေက အကျိုးသတ်တရား တွေဘဲ၊ မသွင်းနိုင်ဘူး။ အဇ္ဈတ္တသန္တာန်က မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနောကို ရှုတာလဲ အကျိုးသတ် တရားဘဲ အကျိုးကိုသာ သွားသတ် လျှင်တော့ ဒိဋ္ဌိ မပြုတ်နိုင်ဘူး၊ အကြောင်း သတ် တရားက ဘယ်တရားလဲ၊ ဘုရားက ဟောတယ်၊ အကြောင်းက နာမ်ဘဲ့၊ အကျိုးကရုပ်ဘဲ့၊ နာမ်၏ သဘာဝလက္ခဏာ ခံစားတဲ့သဘောကို သိလိုက်လျှင် တင်းတယ် တောင့်တယ်လို့ ပညတ် အသိတွေမသိ တော့ဘူး၊ ကာလပိုင်းတွဲ ကာလ(၃)ပါး လွတ်မြောက် တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ အတိတ် ယုံမှားခြင်း၊ ပစ္စုပ္ပန်ယုံမှားခြင်း၊ အနာဂတ်ယုံမှားခြင်း သံယော ဇဉ်(၃)ပါး ကင်းသွားတယ်၊ အဓိသီလ၊ အဓိစိတ္တ၊

WWW.DHAMMARANSI.COM



အဝိပညာ ဖြစ်သွားတော့တယ်၊ နာမ်ရဲ့ လက္ခဏာ သဘာဝကို သိရမှာက—

(၁) မြင်တာပေါ်ခံစားတဲ့သဘော၊ ဒုက္ခ-သုခ ခံစားတဲ့သဘော။

(၂) ကြားတာပေါ် ခံစားတဲ့သဘော၊ ဒုက္ခ-သုခခံစားတဲ့သဘော။

(၃) နံတာပေါ် ခံစားတဲ့သဘော၊ ဒုက္ခ-သုခ ခံစားတဲ့သဘော။

(၄) ရသာပေါ် ခံစားတဲ့သဘော၊ ဒုက္ခ-သုခ ခံစားတဲ့သဘော။

(၅) တွေ့ထိပေါ် ခံစားတဲ့သဘော၊ ဒုက္ခ-သုခ ခံစားတဲ့သဘော။

(၆) သိတာပေါ် ခံစားတဲ့သဘော၊ ဒုက္ခ-သုခ ခံစားတဲ့သဘော။

ဒီသဘောတရားတွေကို ဆင်ခြင် နှလုံးသွင်းပြီး အသိကပ်နေရမယ်။

(က) သမထနှင့် ဝိပဿနာ၊

(ခ) သမာဓိနှင့်ပညာ၊

## သမထနှင့်ဝိပဿနာ

(၈) ခံစားတာသိလိုက်တာက 'သမထ' ခံစားတဲ့ အပျက်သဘောကို သိလိုက်တာက 'ဝိပဿနာ'။

WWW.DHAMMARANSI.COM



## သမာဓိနှင့်ပညာ

(၁) နာမ်၏ လက္ခဏာကို မပြောင်းဘဲခံစားတဲ့ သဘောကို သိလိုက်တာက 'သမာဓိ'။

ကာလ (၃)ပါး၊ သယောဇဉ် (၃)ပါး လွတ်မြောက်ပြီးတော့ ဝိမုတ္တိစိတ်ဖြစ်နေတာ 'ဝိဇ္ဇာပညာ'။

## ဝေဒနာကို ပညာဖြစ်အောင်ရှုနည်း

ရုပ်နှင့်နာမ်ဟာ တထပ်တည်းဖြစ်၊ တထပ်တည်း ပျက်တယ်၊ ခွဲခွါလို့ မရဘူး၊ ရုပ်ဝေဒနာတခု ပေါ်လာတော့ ဝေဒနာကို **သညာ** မဖြစ်စေဘဲ၊ ဝေဒနာကို **ပညာ** ဖြစ်အောင် 'ဝေဒနက္ခန္ဓာ' ဟုရှု၊ ဝေဒနက္ခန္ဓာသည် 'နာမ်' ဟု သိပြီး၊ မဂ်စိတ် ကျနေတော့၏၊ ထိုနောက် 'ဝေဒနာက္ခန္ဓာ' သည် 'နာမ်' ဟု ရှုမှတ် ဆင်ခြင်နေရာမှ ထို 'နာမ်' ၏ သဘောသည် ဘာလဲ ဟုတဖန် ဆင်ခြင်ကြည့်ပြန်သော်၊ ထို 'နာမ်' သည် ဒုက္ခနှင့်သုခခံစားတဲ့ သဘောမျှသာ ဖြစ်တော့တယ် ဟု သိလိုက်တာနှင့်အပြိုင်နက်၊ ရုပ်-နာမ်တို့မှ လွတ်သော ဘင်စွန်းကိုမြင်၍၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး၊ အတိတ် သံယောဇဉ်၊ အနာဂတ် သံယောဇဉ်၊ ပစ္စုပ္ပန် သံယောဇဉ်တို့မှ လွတ်မြောက်၍ 'ဖိုလ်' ကိုခံစားနေတော့တာဘဲ၊ အဲဒါ ပဋိစ္စသမုပ္ပါဒ် လွတ်မြောက်တဲ့တရားဘဲ။

WWW.DHAMMARANSI.COM



## (၁၇) အကြောင်းသတ်တရား အကျိုးသတ်တရား ဥပမာပေးပုံ

အကြောင်းသတ်တရား - အကျိုးသတ်တရား နှင့် စပ်လျဉ်းလို့ ဒကာကြီး-ဒကာမကြီးတို့ကို ထင်ရှားသော သခကတခုဆောင်၍ ပြောပြမယ်။

လွန်လေပြီးသော အခါက၊ ဝိဒေဟရာဇ်တိုင်း၊ မိထိလာပြည်၌၊ ဝိဒေဟရာဇ်မင်းကြီး စိုးစံနေတော်မူတယ်။

မြို့၏ တောင်တံခါးဝနှင့်မနီးမဝေးသောအရပ်၌ ရေကန်တခုရှိ၍၊ ၎င်းအနီး ထန်းပင်တပင်ရှိတယ်၊ တနေ့သောအခါ စွန်ရဲတကောင်သည် နန်းတော်မှ မင်းကြီး၏ ပတ္တမြားကို သားတစ်မှတ်၍ ချီလာပြီး၊ ထန်းပင်ထက် မိမိအသိုက်ရှိရာသို့ ယူဆောင်လာတယ်၊ ထိုအခါ ရေကန်ထဲ၌ ပတ္တမြား၏ အရောင်သည် ထင်ရှားဖြစ်ပေါ်နေတယ်။

ထိုအကြောင်းကို ဝိဒေ့ဟရာဇ်မင်းကြီး ကြားသိရလေသော်၊ ၎င်းထံတွင် ခစားနေသော သေနကာ၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ သုခမိန် အမတ်ကြီးလေးဦး ခေါ်၍၊ ထိုပတ္တမြား မျက်ကောင်းကို အဘယ်သို့ ယူအံ့နည်းဟုမေးတယ်၊ သုခမိန်အမတ်ကြီးလေးဦးက "အရှင်မင်းကြီး-ရေကန်မှ ရေကို အကုန်အစင်ထုတ်၍

WWW.DHAMMARANSI.COM



ယူရသော်-သင့်ပါ၏’ လို့ လျှောက်ကြတော့ မင်းကြီးက သူ၏သူခမိန်အမတ်ကြီးများအား ပတ္တမြားကို ထုတ်ယူစေခြင်းငှာ ခန့်ထားလိုက်တယ်၊ သူခမိန်အမတ်ကြီး များကလည်း မြို့သူမြို့သား လုပ်သားပြည်သူ အပေါင်းတို့ကိုစည်းဝေးစေပြီးသော်၊ရေကန်မှရေကို သုတ်ပြီးမှ ရွှံ့ညွန်တို့ကိုလည်း ထုတ်ပစ်စေသဖြင့်၊ ပတ္တမြားကို မရလျှင် မြေကိုတူးပေါက်စေတယ်၊ ထိုသို့ မြေကိုတူးပေါက်သော်လည်း ပတ္တမြား၏နေရာမဟုတ်သောကြောင့် မရနိုင်ဖြစ်၍ နေပြန်တယ်၊ ထိုရေကန်သည် တဖန်မိုဃ်းရွာ၍ ရေပြည့်ပြန်လတ်သော် ပတ္တမြားရောင် ထင်မြဲ ထင်ပြန်တယ်၊ ရှေးနည်းအတူ သူခမိန်အမတ်ကြီးများကမြို့သူမြို့သားလုပ်သားပြည်သူများအား ရေ၊ ရွှံ့ညွန်၊ မြေတို့ကို တူးပေါက်ထုတ်ယူစေလျက်၊ ဒုက္ခအကြီးအကျယ်ပေးပြန်တယ်၊ သို့သော်လဲ ပတ္တမြားကား မရနိုင်ဖြစ်၍ နေပြန်တယ်၊ ထိုအခါမှ ဝိဒေဟရာဇ်မင်းကြီးသည် သားတော်မဟောသဓ သူခမိန်ကို ခေါ်တော်မူ၍၊ ထိုပတ္တမြားကို ထုတ်ယူနိုင်ပါမည်လောဟု မေးလျှင် အရှင်မင်းကြီး ပညာရှိသော သူတို့မှာမူ ထိုပတ္တမြားကိုထုတ်ယူခြင်း၌ မခဲယဉ်း၊ အကျွန်ုပ်သည် မပင်မပန်းစေရသဖြင့် ထိုပတ္တမြားကို ရေကန်မှထုတ်၍ဆက်ပါအံ့’ ဟုလျှောက်တယ်၊ထိုစကားကိုကြားလျှင်

WWW.DHAMMARANSI.COM



ဝိဒေဟရာဇ်မင်းကြီးသည် လွန်စွာနှစ်သက် ဝမ်းမြောက်၍၊ ကိုယ်တော်တိုင် မူးမတ်သင်းပင်းနှင့်တကွ သုခမိန် (၅)ယောက် ခြံရံလျက်၊ ထိုရေကန်သို့ ထွက်ကြွလေတယ်။

ရေကန်သို့ ရောက်လျှင် မဟောသဓ သုခမိန်သည် ကန်ရိုးပေါ်၌ ရပ်လျက်၊ ပတ္တမြားကို ရှုလတ်သော်၊ ပတ္တမြားရောင်ကို မြင်သဖြင့် ဤပတ္တမြားသည် ရေကန်ထဲ၌ရှိသည်မဟုတ်၊ ထန်းပင်ပေါ် စွန်သိုက်ထဲ၌ ရှိရာ၏၊ ထိုထန်းပင်ထက်က ပတ္တမြား အရောင်သာလျှင် ရေကန်ထဲ၌ ထွန်းသည်ဖြစ်မည်ဟု အတပ်သိရသဖြင့် မဟောသဓ သုခမိန်က တစုံသောရေခွက်ကို ဆောင်ယူစေပြီးလျှင်၊ ပတ္တမြားအရောင် ခတ်မိရာ၌ ရေခွက်ကို ထား၍ မင်းကြီးအားပြ၏၊ ရေကန်နှင့် ရေခွက်တို့၌ ထင်သည်ကား ပတ္တမြား အရောင်အရိပ်သာဖြစ်ကြောင်း သိစေပြီးလျှင် မင်းချင်းတယောက်အား ထန်းပင်ကို တက်စေ၍ စွန်သိုက်ထဲမှပတ္တမြားကို ချယူဆင်းသက်စေ၏၊ မဟောသဓာ သုခမိန်လည်း ထိုပတ္တမြားကိုယူ၍ ဝိဒေဟရာဇ်မင်းကြီးအားဆက်သလေ၏။

ဤသို့သော အချင်းအရာကို မူးမတ် ပရိသတ်နှင့် လုပ်သားပြည်သူ လူအပေါင်းတို့ မြင်ကြလတ်သော် မဟောသဓသုခမိန်အား ချီးမွမ်းထောပနာ ဩဘာ

WWW.DHAMMARANSI.COM



ကောင်းချီး အသီးသီး ပေးကြကုန်လျက်၊ ရေကန်မှ ရေ ရှုံ့ညွန်တို့ကို ထုတ်ယူစေသဖြင့် လုပ်သားပြည်သူတို့အား ကြွက်ကြွက်ဆူဆူစေသည်ကိုမျှ အားမရသေးဘဲ၊ မြေကို တူးဖေါက်ဖို့ဖျက်၍ ကြာမျိုးငါးပါးဖြင့် တင့်တယ်စွာသောရေကန်ကိုလည်း ပျက်စေ၍၊ ထိုသူခပ်သိမ်းတို့ကိုအကျိုးမဲ့စေသောကြောင့် များမြောင်သော ဒုက္ခ ဆင်းရဲခြင်းကိုသာ ရှာကြံ၍ စီရင်တတ်ပေသော သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒအမတ်ကြီးလေးဦးတို့ကို ပြစ်တင် ကဲ့ရဲ့ ဆဲရေး ရေရွတ်ကြကုန်လေသတည်း။

ဒါ ဘာဖြစ်လို့လဲ ဆိုတော့ ထိုပညာနည့်သော သူခမိန် လေးဦးက အကြောင်းရင်းကို မရှာကြံဘဲ အကျိုး သက်သက်ကိုသာ ရှာကြံသဖြင့် လုပ်သားပြည်သူ လူအများ ဒုက္ခဆင်းရဲပင်ပန်းခြင်းကြုံရတယ်၊ ပညာရှိ မဟောသဓ သူခမိန်ကတော့ အကြောင်းကို ရှာကြံသဖြင့် မပင်မပန်း အကျိုးဘည်းဟူသော အလိုရှိအပ်သော ပတ္တမြားကို ရယူနိုင်ခဲ့ပေတယ်။ ဒကာကြီးတို့ ဒကာမကြီးတို့ကျသင့်ရှားလှသော 'သာခေ' ကို ထောက်ဆ၍ အကြောင်းသတ်တရား-အကျိုးသတ်တရားများကို ခွဲခြား၍ သိရှိ နားလည်ကြရပေမည်၊ မိမိခန္ဓာကိုယ်ကို ရှုကြည့်ဆင်ခြင် သုံးသပ်လျှင် အကြောင်းအကျိုးတရားသာ ရှိတယ်ဆိုတာမြင်လိမ့်

WWW.DHAMMARANSI.COM



မယ်၊ အကြောင်းကိုသာ မုချသတ်မှ ဒုက္ခပြတ်လို့ ငြိမ်းလိမ့်မယ်။ ဘုရားက ဟောသွားတာက အကြောင်း သမုဒယ၊ အကျိုး ရုပ်-နာမ် ဒုက္ခတဲ့၊ အကြောင်းအကျိုးသာ ဖြစ်တယ်၊ အကြောင်းအကျိုးသာပြတ်တယ်။

## ဓါတ်ကြီးလေးပါးအကြောင်းအကျိုးတရား

ပရမာ ဏုမြူခန့်မျှ သေးငယ်လှသော ပထဝီအမှုန့်ကလေးတွေကို အရည်တည်းဟူသော အာပေါ ကဖွဲ့စီးပေးခြင်းကြောင့် နူးညံ့တဲ့သဘော၊ နူးညံ့ပထဝီ ဖြစ်ပေါ်လာတယ်၊ ကျက်စေဘက်တဲ့ တေဇောက တဖန် အာပေါကို လောင်ကျွမ်း ပေးခြင်းကြောင့် ပထဝီအမှုန့်တွေဟာနူးညံ့တဲ့ သဘောမှ မာလာတယ်၊ တင်းလာတယ်၊တောင့်လာတယ်၊ မာပထဝီ ဖြစ်ပေါ်လာတယ်၊တေဇော ကမည်သည့်အကြောင်းကြောင့် လောင်ကျွမ်းပေးရသလဲဆိုတော့ နောက်က ဝါယောက တွန်းကန်လှုပ်ရှားပေးနေလို့ဘဲ ဖြစ်တယ်၊ ဓါတ်ကြီး လေးပါးလဲ အကြောင်းအကျိုး တရားဘဲ၊ ခန္ဓာ(၅)ပါးလဲ အကြောင်း အကျိုး တရားဘဲ၊ သစ္စာလေးပါးလဲ အကြောင်းအကျိုး တရားဘဲ၊ ပဋိစ္စသမုပ္ပါဒ်လဲ အကြောင်းအကျိုး တရားဘဲ၊ တလောကလုံး လိုရင်းအနှစ် အရင်းစစ်လျှင် အ

WWW.DHAMMARANSI.COM



ကြောင်းအကျိုးသာ ရှိတယ်လို့ သဘောပေါက်ရောက်ကြရမယ်။

## ဗိုလ်ငါးပါး

'မခံသာမှန်ပါဘိတရား၊ ခံသာအောင်ခံကြလျှင်တော့ သံသရာကြောမျှောသိမ့်အများ' ဆိုထားသဖြင့် ဒကာကြီးတို့-ဒကာကြီးတို့ မိမိတို့ 'ခန္ဓာ' ကြီးကိုမညှာကြနှင့် မလျှော့ကြနှင့်၊ ကြိုးစားကြ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ တရားငါးပါးကို လက်ကိုင်ထားကြ။

(၁) သဒ္ဓါ ဆိုတာ အရိုးကြေကြေ-အရေခမ်းခမ်း ယုံယုံကြည်ကြည်နှင့် ဆရာပြောသည့်အတိုင်း၊ တသဒဝမတိမ်း လုပ်မယ်လို့ဆုံးဖြတ်ပြီး တရားကျင့်ကြအားထုတ်နေတာကိုဆိုတယ်။

(၂) ဝီရိယ ဆိုတာ ပရိကမ္မနိမိတ်၊ အဆင်းတွေပေါ်မှာ ရုပ်တရားများ ပြောင်းလဲဖောက်ပြန်တဲ့ သဘော၊ နာမ်တရား၏ တခုပြီး တခု လိုက်ညှတ်ပြီး ခံစားတဲ့ သဘောတရားတွေကို စွဲစွဲမြဲမြဲ ရှုတ် ဆင်ခြင်နေတာကိုဆိုတယ်။

(၃) သတိ ဆိုတာ 'ဝေဒနာ' တခုပေါ်လာလျှင် 'ဝေဒနက္ခန္ဓာ' ကိုဘဲနှလုံးသွင်းမှန်နေတာကိုဆိုတယ်။

(၄) သမာဓိ ဆိုတာ 'ဝေဒနာ' နာမ် ဒုက္ခ-သုခကိုခံစားတဲ့သဘောပေါ် စိတ်တည်နေတာကိုဆိုတယ်။

WWW.DHAMMARANSI.COM

(၅) ပညာ ဆိုတာ ရုပ်လက္ခဏာ သဘာဝ၊ နာမ်လက္ခဏာသဘာဝ၊ အသုဘ လက္ခဏာသဘာဝ အစရှိသော သဘာဝလက္ခဏာ သဘောတရားများပေါ် အမှန်အတိုင်း နှလုံးသွင်း နေတာကိုဆိုတယ်။

ဒီတရား ငါးပါးကို 'ဗိုလ်' ငါးပါးလို့လဲ ခေါ်တယ်၊ ဒီဗိုလ်ငါးပါး လက်ကိုင်ထားပြီး၊ ဒကာကြီးတို့-ဒကာမကြီးတို့၊ မနားမနေ ကြိုးစားကြ တကယ်ကြိုးစားကြလျှင် ဆရာမှာတဲ့အတိုင်း လုပ်ကြလျှင်တော့ တရားထူးတရားမြတ်ရကြလိမ့်မယ်၊ တထိုင်ထဲနှင့်လဲ သောတာပန်တည်နိုင်တယ်၊ ယုံယုံကြည်ကြည် 'သဒ္ဓါ' စိတ်နှင့်အားထုတ်ကြ။

## တရားနိဂုံး

လာရောက်ကြတဲ့ ဒါယကာကြီး-ဒါယိကာမကြီးတို့ကို ဒီပွဲနှင့် တဆုံသတ်တရား၊ အကြောင်းသတ်တရား၊ အကျိုးသတ်တရား၊ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အသုဘလက္ခဏာ၊ သဘာဝလက္ခဏာရေးသုံးပါး၊ သံယောဇဉ်တရား၊ ခါတ်တရား၊ ပရမတ်တရား၊ ရုပ်တရား နာမ်တရား၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး၊ ကာယ သတိပဋ္ဌာန်၊ ကာယနုပဿနာ၊ ဝေဒနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ၊ စိတ္တာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ။ ဓမ္မာသတိပဋ္ဌာန်။ ဓမ္မာနုပဿနာ။ သတိပဋ္ဌာန်တရားလေးပါး။ ပဋိစ္စ

WWW.DHAMMARANSI.COM

သမုပ္ပါဒ်တရား အစရှိသော အဘိဓမ္မာ တရားများ ဟောကြားဆုံးမ သြဝါဒ ပေးရသော အာနိသင် ကြောင့် မျက်စိတံခါး။နားတံခါး။ နှာခေါင်းတံခါး ပါးစပ်တံခါး။ကိုယ်တံခါး။မနောတံခါး တို့ကိုအာရုံ (၆)။ အာရုံ(၆)ဖြင့် တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မှ လွတ်မြောက် ကြ၍ တရားထူးတရားမြတ်တွေ ရကြပြီး 'ခန္ဓာ'ငန် လက်စ သိမ်း၍ တဏှာ-လောဘ အစရှိသော မီး(၁၁)ပါး တို့၏ ငြိမ်းအေးရာအမှန် ပြည်နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင် ကြပါစေကုန်တော့သတည်း။

သာဓု....သာဓု.. သာဓု။

WWW.DHAMMARANSI.COM

# ကျေးဇူးရှင် သဲအင်းဂူ ဆရာတော် ဘုရားကြီး၏ အမိုးထိုက်တန်လှသော ဩဝါဒ ကထာများ။

(၁) ဉာဏ်အလုပ် လုပ်ကြရမယ်၊ ဉာဏ်အလုပ်ဆိုတာ ဝိပဿနာအလုပ်ဘဲ၊ ဝိပဿနာဆိုတာ အမှန်မြင်၊ အမှန်သိ၊ အမှန်ထင်အောင် ဆင်ခြင်ပွားများနေရတဲ့ တရားဘဲ၊ အမှန်မြင်ရမှာက ရုပ်နှင့်နာမ်၊ အမှန်သိရမှာက ရုပ်-နာမ် တို့၏ သဘာဝ လက္ခဏာ သဘောတရားတွေဘဲ။

(၂) အချိန်ရှိခိုက် ဝိပဿနာတရား အလုပ်လုပ်ကြ၊ လုပ်ရင်လုပ်၊ မလုပ်လျှင်တော့ စုံးစုံးမြုပ်ကြလိမ့်မယ်၊ အပြောသမားမဖြစ်စေနှင့်၊ အလုပ်သမားဖြစ်ပါစေ။

(၃) ကိုယ်ပြုတဲ့ကံ ကိုယ်ဘဲရကြမယ်၊ ကိုယ်က ဘာအိမ် ဆောက်လုပ်ထားသလဲ၊ ကိုယ်ဆောက်လုပ်ထားတဲ့အိမ် ကိုယ်နေရမှာဘဲ၊ ကိုယ့်လမ်းကိုယ်သွားကြရမှာဘဲ၊ ဒီတော့ ကိုယ်က ဘာကံတွေပြုထားသလဲ ဘယ်လိုအိမ်မျိုးတွေ ဆောက်လုပ်ထားသလဲ။

မျက်စိနှင့်အဆင်း တွေ့ဆုံ လိုက်တဲ့အခါ၊ ရာဂအိမ်လား၊ ဒေါသအိမ်လား၊ မောဟအိမ်လား မာနအိမ်လား၊ ကိုယ့်စိတ်ကိုယ်စစ်လျှင် အသိဆုံးပေါ့။

WWW.DHAMMARANSI.COM



(၄) ဆယ်ပေပတ်လည်ရှိတဲ့ ကျောက်ပြားကြီးကို(၂၀)သားရှိတဲ့တူနှင့် ထုပါများတော့ အက်ကွဲလာလိမ့်မယ်။ အဲဒီသဘောအတိုင်း 'စိတ်' ကြောင့်ဖြစ်တဲ့ 'ရုပ်' 'စိတ်တူ' နှင့်ထုထုပြီးဖျက်၊ ဒါမှပုံပျက်မှာ ပုံပျက်တော့မှ မစုံမက်မှာ၊ မစုံမက်တော့မှ 'တဏှာ' သေမှာ။

(၅) ဒီခန္ဓာကြီးကို မစုံမက်၊ မစွဲလမ်းကြနဲ့၊ မလိုချင်ကြနဲ့၊ ဒီခန္ဓာကြီးကို စုံမက်၊စွဲလမ်း၊လိုချင်နေရင်တော့ ခန္ဓာအသစ် ပြန်ရနေလိမ့်မယ်။ ခန္ဓာအသစ်ပြန်ရလျှင်တော့ ဘေးတွေ၊ ဝဋ်တွေ၊ ဝေဒနာတွေ၊ ဆင်းရဲဒုက္ခတွေဘဲ ရကြလိမ့်မယ်။

(၆) ယခု လာရောက်ကြတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေအရွယ်အစားစားပါတယ်။

၃-နာရီထိုးမဲ့ပုဂ္ဂိုလ်။

၄-နာရီထိုးမဲ့ပုဂ္ဂိုလ်။

၅-နာရီထိုးမဲ့ပုဂ္ဂိုလ်။

၆-နာရီထိုးမဲ့ပုဂ္ဂိုလ် အသီးသီးပါကြတယ်။

၆ နာရီထိုးရင်တော့ နေဝင်တော့မယ်၊နေဝင်ရင် ကိုယ့်လမ်းကိုယ် ပြန်ကြရလိမ့်မယ်၊ ကိုယ့်လမ်းပြန်ရမှာက လေးရှာဘဲ၊ မပြန်ချင်ကြနဲ့တော့။

(၇) ရွှေမှုန်အောင်(အာနာပါန)ဖို့သိနှင့်အသိကပ်၍နာနာထိုး၊ ရာဂ၊ဒေါသ၊မောဟ၊မာန 'အညှိ

WWW.DHAMMARANSI.COM



တက်နေတဲ့'ကြေး'က ရွှေဖြစ်လာလိမ့်မယ်၊ ရွှေဆိုတာ နိဗ္ဗာန်ဓါတ်သဘောဘဲ။

(၈) မမြင်ချင်နဲ့၊ မကြားချင်နဲ့၊ မသိချင်နဲ့ 'ချင်'(၃)ချင်ကိုရှောင်၊ သို့မဟုတ် ပြောမီဆိုမိမယ်၊ စိတ်ဆင်းရဲရမယ်၊ အကုသိုလ်တရားပွားများမိမယ်။

(၉) သူတပါးအပြစ်ကိုမရှုနှင့်၊ မပြောနှင့်၊မိမိအပြစ်ကိုသာရှု၊ သူတပါး၏စိတ်ကို ကျော်မစစ်နဲ့၊ မိမိစိတ်ကိုသာ စစ်နေပါ။

(၁၀) အမှန်မြင်၊ အမှန်သိ၊ အမှန်ယူဆမှ၊ စိတ်စင်ကြယ်မယ်၊ စိတ်စင်ကြယ်မှ သမာဓိရမယ်၊သမာဓိရမှ ပညာဖြစ်မယ်။

(၁၁) ပွါးနေရမှာက (၁)သီလမဂ္ဂင်၊
(၂)သမာဓိမဂ္ဂင်၊
(၃)ပညာမဂ္ဂင်၊

ဒီမဂ္ဂင်သုံးပါး ပွားများနေရင်တော့ မဂ်လာ တရားအစစ်နှင့် ပြည့်စုံနေလိမ့်မယ်။

(၁၂) ပုဂ္ဂိုလ်များဟာ မိမိတို့ 'ကိုယ်ကာယကြီး'ကိုသာ ဆံပြာဆေးအမျိုးမျိုးနှင့် ချေးညှော်စင်အောင် တိုက်ချွတ်ဆေးကြော အမျိုးမျိုး ပြုပြင်သော်ရှိကြတယ်၊ သို့သော် မိမိတို့၏'စိတ်'ကိုတော့ သန့်ရှင်းစင်ကြယ် ဖြူစင်လာအောင် မပြုလုပ်ကြ၊အားမထုတ်ကြဘူး။ မိမိတို့'စိတ်'ကို ဝိပဿနာတရားနှင့် ဆေး

WWW.DHAMMARANSI.COM



ကြော သုတ်သင်မှသာလျှင် လောဘအညှိ၊ ဒေါသ အညှိ၊ မောဟအညှိ မာနအညှိတက်နေတဲ့စိတ်ကလေး ဟာ ဖြူစင်သန့်ရှင်း ကြည်လင်လာလိမ့်မယ်။

(၁၃) အနေမြတ်၊ အသေတတ်အောင် ဝိပဿ နာ တရားကျင့်ကြံအားထုတ်ကြ၊ ပုတီးယောင်ယောင် ဖေါင်းယောင်ယောင်နှင့်ဟိုယောင်ယောင် ဒီယောင် ဖယောင် မနေကြလေနှင့်။

(၁၄) အသိဘလုံး အမြတ်ဆုံး၊ အသိမကောင်း ကြနဲ့၊ အသိအမြဲတန်းကပ်ကြ။

(၁၅) အသိမှ ငါသိကိုပြောင်းကြ၊ ငါသိတို့က ခန္ဓာကို ရှာမှ ငါသိဖြစ်မှာ။

(၁၆) မျက်စိကလည်း သန့်ရှင်းသော ဝိညာဏ် ဖြစ်ပါမှ၊ နားကလည်း သန့်ရှင်းသော ဝိညာဏ် ဖြစ် ပါမှ၊ နှာခေါင်းကလည်း သန့်ရှင်းသော ဝိညာဏ် ဖြစ်ပါမှ၊ ပါးစပ်ကလည်း သန့်ရှင်းသော ဝိညာဏ် ဖြစ်ပါမှ၊ ကိုယ်ပေါက် ကလည်း သန့်ရှင်း သော ဝိညာဏ်ဖြစ်ပါမှ၊ မနောကလည်း သန့်ရှင်း သော ဝိညာဏ်ဖြစ်ပါမှ၊ ယခုခေတ်ပေါ်ပင်စကားလုံး သုံးရ လျှင် လမ်းသရဲ စိတ်မဖြစ်ပါမှ အပါယ်လွတ်မှာ။

(၁၇) ရုပ်ကိုသာ သုံးသပ်ဝေဖန်၍မနေကြနှင့်၊ မိမိစိတ်ကိုလည်း သုံးသပ်ဝေဖန်ကြပါ။

WWW.DHAMMARANSI.COM



သတိပေးချက်။ ။အထူး သတိပြုရန်မှာ။ ။ ပုဗ္ဗကိစ္စ ပရိကံမပြုမီ၊ တရားမထိုင်မီ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ အာဇီဝဋ္ဌမကသီလ၊ နဝင်္ဂဥပုသ်သီလ တပါးပါး ခံယူ ဆောက်တည်ပါ၊ သီလဝိသုဒ္ဓိ-သီလစင်ကြယ်ခြင်း၊ စိတ္တဝိသုဒ္ဓိ-စိတ်စင်ကြယ်ခြင်း။

ဤတရား နှစ်ပါးသည် ဝိပဿနာပညာ၏ အမြစ် အခြေမည်ပါသဖြင့် ရှေးဦးစွာ 'သီလ' တပါးပါးခံယူ ဆောက်တည်ခြင်းသည် အလွန် လျော်ကန်သင့်မြတ် လှပါသည်။

## မှော်ဘီမြို့
## သဲအင်းဂူကျောင်းတိုက်
## ကျေးဇူးရှင်ဆရာတော်ဘုရားကြီး
## ထံမှော်က၌ တရားအားမထုတ်မီ
## ပရိကံပြုပုံ

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ ၊

## သုံးခေါက်ဆိုကြပါ

မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည်၊ ယခု တရား အားထုတ်ဆဲ အခါ၌၊ မြတ်စွာဘုရားအား နိဗ္ဗာန်ကို ရည်မှန်း၍ ခန္ဓာငါးပါး ရုပ်-နာမ်နှစ်ပါးကို

WWW.DHAMMARANSI.COM



လှူဒါန်းပါ၏အရှင်ဘုရား၊ ကပ်လှူပါ၏အရှင်ဘုရား ပူဇော်ပါ၏ အရှင်ဘုရား၊ ခန္ဓာငါးပါး၊ ရုပ်-နာမ် နှစ်ပါး လှူဒါန်းရသောအကျိုး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ဉာဏ်၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

ကမ္မဋ္ဌာန်းဆရာ ဖြစ်တော်မူသော သဲအင်းဂူ ကျောင်း ဆရာတော် အရှင်သူမြတ်ကြီးဘုရား၊ ဘုရား တပည့်တော် သည် နိဗ္ဗာန်ကို ရည်မှန်း၍ တပည့် တော်၏ ခန္ဓာငါးပါး၊ ရုပ်-နာမ် နှစ်ပါးကို အရှင် ဘုရားအား လှူဒါန်းပါ၏၊ ကပ်လှူပါ၏၊ ပူဇော်ပါ၏ အရှင်ဘုရား၊ ခန္ဓာငါးပါး၊ ရုပ်-နာမ်နှစ်ပါး လှူ ဒါန်းရသောအကျိုး ဆရာတော်ဘုရားကြီး၏ သိအပ် သော ဓါတ်တရား၊ ပရမတ်တရား၊ ရုပ်တရား၊ နာမ် တရား၊ သစ္စာတရားတို့ကို ဘုရား တပည့်တော်အား ပေးသနားတော်မူပါ အရှင်ဘုရား။

ဘုံ(၃၁) ရှိရှိသမျှ အနန္တဝယ် ကုန်းမှာနေ ကိုးကုဋေ၊ ရေမှာနေ ဆယ်ကုဋေ၊ ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ သဗ္ဗေ သတ္တာ သတ္တဝါ အပေါင်း၊ စကြာဝဠာတစ်သိုင်း၊ သီဟာပက်ကုန်း ကုန်းမကျန် ရေမကျန်၊ အထက်ဘဝဂ်၊ အောက်အဝီစိထိ (၃၁) ဘုံ ကြဉ်လည် ကြကုန်သော ဝေနေယျ သတ္တဝါ အပေါင်း တို့အား ကျွန်ုပ်၏ ဒါနကုသိုလ်၊ သီလ

WWW.DHAMMARANSI.COM



ကုသိုလ်၊ ဘာဝနာကုသိုလ်၊ ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ရကြရအောင် အားလုံးကြားကြားသမျှ 'အမျှ....အမျှ အမျှ' ယူတော်မူကြပါကုန်လော့။

အရိယာ သူတော်စဉ်များ ပို့သသောမေတ္တာ၊ ပေးဝေသော ကုသိုလ်အဖို့ကိုလဲ အကျွန်ုပ်က ဝမ်းမြောက် ဝမ်းသာနှင့် 'သာဓု-သာဓု-သာဓု' ခေါ်ပါ၏။

## ပုဗ္ဗကိစ္စ၊ ပရိကံပြုပြီးနောက် အာနာပါနကမ္မဋ္ဌာန်း တရားကို ထိုင်၍ ပွားများအားထုတ်နည်း

(၁) ဆိတ်ငြိမ်၍ သင့်တင့်သော နေရာရှာ၍ တာရှည်ထိုင်နိုင်ရန် သက်သာသလိုထိုင်ပါ၊ ဝိပဿနာ တရားအားထုတ်ရာ၌ ဝင်ရောက် နှောက်ယှက်ခြင်း မရှိစေခြင်းငှာ ရှေးဦးစွာ 'ပလိဗောဓ' ဟူသရွေ့ကို ပယ်ရှင်း၍ ပြတ်ကင်းအောင်လုပ်ထားရပါမည်။ ဖြစ်ပေါ်လာတတ်သော 'ပလိဗောဓ' များမှာ ပူပန်စရာ စိုးရိမ်စရာ ကြောင့်ကျစရာကိစ္စမျိုးဖြစ်သည်။

(၂) ယောကျ်ားများမှာ တင်ပလ္လင်ခွေချက် ခြေချင်းမထပ်စေဘဲ ထိုင်ပါ၊ မိန်းမများမှာ မိန်းမ ထိုင် ကျို့ကျို့ထိုင်နေကျအတိုင်းဘဲ ထိုင်ပါ။ ခါး မလွှင့်နေ ထိုင်လိုလျှင်လဲ ထိုင်နိုင်ပါသည်။

WWW.DHAMMARANSI.COM



(၃) အထက် ပိုင်း ကိုယ် ကို ဖြောင့် မတ် စွာ ထားပါ။

(၄) ဘယ်လက်ဝါးပေါ် ညာလက်ဝါးဖြန့်၍ တင်ပါ။

(၅) ဘယ်လက်မနှင့် ညာလက်မထိ၍ထားပါ။

(၆) မျက်စိနှစ်ဘက် မှိတ်ထားပါ၊ ခေါင်းကို အောက်သို့ အနည်းငယ်မျှစိုက်ချထားပါ။

ဝိပဿနာတရား အားထုတ်ရာ၌၊ ရှေးဦးစွာ သဘောပိုက်ထားရမှာက 'ငါ'က တရားပွားများ အားထုတ်နေတယ်လို့ ငါမပါရ၊ ငါမဝင်ရ၊ ငါမထင်ရပါ၊ ရုပ်-နာမ်ဓမ္မ ပရမတ္ထ သဘောသဘာဝ တရားတွေကို စိတ်နှင့် စေတသိက် နာမ်တရားတို့ကသာ ရှုမှတ်ဆင်ခြင် ပွားများနေခြင်းဘဲဟု နှလုံးသွင်းထားရမည်၊ သို့မှသာ 'အတ္တ'ကင်း၍၊ 'အနတ္တ' မြင်စွမ်းနိုင်ပေမည်။

(၇) နဂိုရှိုက်နေမြဲ ရှူနေမြဲ အတိုင်းသာ ဝင်လေကိုရှိုက်၍၊ ထွက်လေကို ရှူ၍နေပါ။

လျှော့လွန်းတော့ပတ်၊ တင်းလွန်းတော့ပြတ်တဲ့ ဒါကြောင့် မလျှော့လွန်း၊ မတင်းလွန်းစေဘဲ၊ အလယ်အလတ် မှန်မှန်သာ ရှိုက် ရှူပေးပါ၊ ယားရင်လဲမကုတ်နှင့်၊ ကိုယ်ကလဲမလှုပ်နှင့်၊ ခေါင်းကလဲ ပုတ်သင်ကဲ့သို့

WWW.DHAMMARANSI.COM



ငြိမ့်မနေပါနှင့်၊ 'ကာယ'ဗ္ဗန္ဒြေကို ထိန်းသိမ်းထားဘို့ လိုပါသည်။

အရေးကြီးသည်မှာ ဣန္ဒြေ(၆)တန်လုံရပါမည်။ (သို့မို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဟောကြားသည်မှာ–

(က) ဣန္ဒြေ(၆)တန် အမှန်လုံလျှင် ဖြစ်ဆဲရုပ်-နာမ်၊ ဉာဏ်မှာထင်တော့သည်။

(ခ) ဖြစ်ဆဲ ရုပ်-နာမ် ဉာဏ်မှာ ထင်လျှင်၊ သက်ဘလက္ခဏာ ဉာဏ်မှာ ထင်တော့သည်။

(ဂ) သက်တ လက္ခဏာ ဉာဏ်မှာ ထင်လျှင် သဘာဝလက္ခဏာ ဉာဏ်မှာ ထင်တော့သည်။

(ဃ) သဘာဝ လက္ခဏာ ဉာဏ်မှာ ထင်လျှင် သာမည လက္ခဏာ ဉာဏ်မှာထင်တော့သည်။

(င) သာမည လက္ခဏာ ဉာဏ်မှာ ထင်လျှင် 'ဗလဝ'ဝိပဿနာ မှန်စွာဖြစ်တော့သည်။

(စ) 'ဗလဝ'ဝိပဿနာမှန်စွာဖြစ်လျှင်မဂ်-ဖိုလ် နိဗ္ဗာန် ကေန်ရတော့မည်။)

(က) ဗလဝဝိပဿနာမှန်စွာမဖြစ်လျှင်သာမည လက္ခဏာ ဉာဏ်မှာမထင်သေး။

(ခ) သာမည လက္ခဏာ ဉာဏ်မှာ မထင်လျှင် သဘာဝလက္ခဏာ ဉာဏ်မှာ မထင်သေး။

WWW.DHAMMARANSI.COM



(ဂ) သဘာဝ လက္ခဏာ ဉာဏ်မှာ မထင်လျှင် သင်္ခတ လက္ခဏာ ဉာဏ်မှာ မထင်သေး။

(ဃ) သင်္ခတ လက္ခဏာ ဉာဏ်မှာ မထင်လျှင် ဖြစ်ဆဲ ရုပ်-နာမ် ဉာဏ်မှာမထင်သေး။

(င) ဖြစ်ဆဲ ရုပ်-နာမ် ဉာဏ်မှာ မထင်လျှင် ဣန္ဒြေ(၆)တန် အမှန်မလုံသေး။

(စ) ဣန္ဒြေ(၆)တန် အမှန်မလုံလျှင် မဂ်-ဖိုလ် နိဗ္ဗာန် ကေန်ဝေးလှသေး—

ဟူ၍ဟောကြားတော်မူပါသဖြင့် ဣန္ဒြေ(၆)တန် အမှန်လုံရန် အရေးကြီးလှပါသည်။

(ဂ) နှာသီးဝ၌ဖြစ်စေ၊ အထက်နှုတ်ခမ်း၌ ဖြစ်စေ၊ ဝင်ထွက်နေသော လေကို ဝင်ဆဲခဏ၊ ထွက်ဆဲ ခဏ၌ ထိလျှင် ထိမှန်း သိလိုက်ပါ။

(ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက၊ ကနဦး စိတ်ကလေးဟာရှိုက်ရှုနေသောလေကိုမိမိနှာသီးဝ၌ ဝင်တာကလေးလဲ သိလိုက်၊ ထွက်တာကလေးလဲ သလိုက်အသိအမြဲတန်းရှိနေမှသာ စိတ်ကလေးတည်ငြိမ်မှာဟု အမိန့်ရှိပါသည်)။

(ဃ) ရှေ့ဦးစွာ ရှိုက်ငင်၍ ဝင်လာသောလေ ထိခြင်းကို အာရုံပြုပြီးမှသာ ရှုထုတ်၍ထွက်လာသော လေထိခြင်းကို အာရုံပြုပါ။

WWW.DHAMMARANSI.COM



(၁၀) ရှိုက်ထိုင်း 'ထိသိ' ရှုတိုင်း 'ထိသိ' ဟူ၍ မြဲမြန်သောသတိထားလျက် 'ထိသိ-ထိသိ-ထိသိ' ဟူ၍ တအာရုံ တဝိထိ၊ စိတ်ထဲမှာ စွဲမှတ်လျက်၊ အာရုံပြု ခါ ရှိုက်ရှု၍ ရှုမှတ်ဆင်ခြင်ခြင်းပြု နေရပါမည်။ သင်တန်းအစသာ ဖြစ်ပေသည်၊ သတိမြဲဘို့လိုပါသည်၊ အာရုံပြုး၍ အခြားကို မကြည့်ရာ၊ မသိရာ၊ မအောက်မေ့ရာ၊ မတွေးတောရာ' မကြံစီရာ။

(သို့မို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အတိတ်ကိုလဲ မတွေးနဲ့ ထိတ်လန့်တတ်တယ်၊ အနာဂတ်ကိုလဲ မတွေးနဲ့ ပူလွင့်တတ်တယ်၊ ပစ္စုပ္ပန်တဲ့တဲ့၊ ဖြစ်ဆဲရှုပ်-နာမ်အပေါ်မှာသာ ရှုမှတ်ဆင်ခြင်နေရမယ်၊ ရုပ်နှင့်နာမ်ဟာ တထပ်တည်းဖြစ်၊ တထပ်တည်းပျက်တဲ့ သဘောသာ ရှိတယ်လို့ ဆုမိန့်ရှိပါသည်)။

(၁၁) ထိုမှတဆင့် မိမိနှာသီးဝ၌ ဝင်လေကိုလဲ ဝင်တယ်၊ ထွက်လေကိုလဲ ထွက်တယ်လို့ မှတ်မနေတော့ဘဲ ထိသိ-သိသိ-ထိသိ လို့လဲမှတ်မနေတော့ဘဲ ဝင်လေကို ဗဟိဒ္ဓမှ ကန့်တဲ့သဘော၊ ထွက်လေကိုလဲ အဇ္ဈတ္တမှ တွန်းတဲ့ သဘောတည်းဟူသော ဝါယောလေဓါတ်၊ ရုပ်ပရမတ်၏ လက္ခဏာ သဘာဝကိုသာ စိတ်စူးစိုက်၍ ရှုမှတ်ဆင်ခြင်နေရမည်။

WWW.DHAMMARANSI.COM



သမထက-နီဝရဏငြိမ်းတည်၊
ဝိပဿနာက-ရှင်-နာမ်သဘောစသည်၊
ရှုရ-မှတ်ရ-'ဥာဏ'အမည်၊
ထူးထွေပြား-မှတ်သားဤနှစ်လီ။

လို့ဆိုထားတဲ့အနက်၊ ပိတ်ပင်ဖုံးလွှမ်းတတ်သော ကြောင့် နီဝရဏ မည်ကုန်သော တရားငါးပါးကို သိထားဘို့ သင့်ပါသည်။

၎င်းတရား ငါးပါးကား—

(၁) ကာမစ္ဆန္ဒနီဝရဏ—ကာမဂုဏ်တို့၌ တပ်သော လောဘ၊
(၂) ဗျာပါဒနီဝရဏ—ဒေါသတရားရန်ငြိုးဖွဲ့ခြင်း၊
(၃) ထိနမိဒ္ဓနီဝရဏ — အိပ်ခြင်း၊ ငိုက်မျဉ်းခြင်း၊
(၄) ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ-စိတ်မငြိမ်သက်ခြင်း၊ စိုးရိမ်ခြင်းလက္ခဏာ။
(၅) ဝိစိကိစ္ဆာနီဝရဏ -အာရုံကိုမဆုံးဖြတ်နိုင်ခြင်း။

တရားထိုင်ဓနစဉ်အထူးသဖြင့် 'ထိနမိဒ္ဓ' တရားက ဝင်ရောက်ပိတ်ပင် ဖုံးလွှမ်းတတ်သဖြင့် အဝင်မခံဘဲ၊ သတိနှင့် ဖယ်ရှား၍ ပြင်းပြင်းကလေး ရှုကိုရှူပေးလိုက်ရပါမည်။

(၁၂) ဤသို့လျှင် ဝင်လေ-ထွက်လေကို မိမိနှာသီးဝ၌ ကန်တဲ့သဘော၊ တွန်းတဲ့သဘောတည်း ဟူသော ဝါယောလေဓါတ်၊ ရုပ်ပရမတ်၏၊ လက္ခဏာ

WWW.DHAMMARANSI.COM



သဘာဝကို ရှုမှတ် ဆင်ခြင်နေရာ၌၊ မိမိနှာသီး၀၌ သတိမြဲစွာနှင့် အသိကပ်နေရပါမည်။

(အသိမကင်းကြနဲ့၊ အသိ ဘလုံး-အမြွတ်ဆုံးလို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မကြာခဏ အမိန့် ရှိပါသည်)။

တသံသရာလုံးက ရူပါရုံစသော အာရုံတို့၌သာ ကျက်စားလာခဲ့သော 'စိတ်ရူး' 'စိတ်မိုက်' ကို ဆုံးမ လိုသော ဓမ္မမာမက ကလျာဏအနွယ်ဝင် သူတော်စင် တို့သည်၊ ထွက်သက်-ဝင်သက် တည်းဟူသော ချည် တိုင်၌ နွားငယ် နွားရိုင်းနှင့်တူသော 'စိတ်ရူး' 'စိတ် မိုက်'ကို (သတိ) တည်းဟူသော ကြိုးဖြင့် မြဲမြံစွာ ဖွဲ့ချည်ထားရပေမည်။

(၁၃) ဝိပဿနာမှုမှာ 'သတိ' လွန်စွာ လိုဘတ် ပါသည်။

သတိပဋ္ဌာန်၊ သတိန္ဒြေ၊ သတိဗိုလ်၊ သမ္မာသတိ မဂ္ဂင် ခေါ်သော သတိ စေတသိတ်သည်၊ သတိ သမ္မောဇ္ဈင်မည်သည်၊ 'ဘာဝိတာ၊ ဗဟုလီကတာ' အကြိမ်ကြိမ်အဖန်ဖန် ထပ်ခါထပ်ခါ ပွားများနေရ မည့်တရားပါဘဲ။

(၁၄) ဤသို့ ရုပ်-နာမ်တို့ကို ရှုမှတ်နေရာ၌၊ သမာဓိကို တည်စေဖြစ်သဖြင့် ထို'သမာဓိ'၌ သမ္မာ

WWW.DHAMMARANSI.COM



ဝါယမ' 'သမ္မာသတိ' 'သမ္မာသမာဓိ' ဟူသော မဂ္ဂင် (၃)ပါးကို လုံခြုံအောင် စောင့်သုံးရပါမည်။

နှာသီးဝ၌ အသိကပ်နေရာမှ သတိမြဲမြံလာသဖြင့် ဝင်လေ-ထွက်လေ ရှိုက်ရှုနေစဉ်၊ မိမိလက်ဖဝါး ဖြင့်လက်ဖဝါး၊ ဒူးခေါင်းဖြင့်ဒူးခေါင်း၊ ရင်ချိုင့်ဖြင့် ရင်ချိုင့်၊ မိမိကိုယ် တနေရာရာကို အာရုံပြု စူးစိုက် ကြည့်နေပါ၊ 'သမာဓိ' ဇင်ပြည့်ကျပ်ပြည့်တည်ကြည် မြဲမြံ ဆက်သန့်လာလျှင် ကိလေသာ အမှောင်ထု ပေါက်ထွင်းပြီး၊ ဝိဇ္ဇာ အလင်းရောင်ရ၍၊ မနောဒွါရ မှ မိမိရုပ်ကို အမှန်အတိုင်း မြင်နိုင်ပေလိမ့်မည်။ ရုပ် ပေါ်ကသော ကိလေသာဖြစ်တာ၊ ရုပ်ပျက်ကိုမြင်မှ တဏှာသေမှာ၊ ဝိပဿနာမှာ 'သမာဓိ' တည်ကြည် ခိုင်ခန့်ရန် လွန်စွာ အရေးကြီးလှပါသည်။

(သို့မို့ကြောင့် ဆရာတော်ဘုရားကြီးက 'သမာဓိ ဦးဆောင်ပေးကြ၊ သမာဓိ ဦးဆောင်ပေးကြ၊ အသိ မကင်းကြနဲ့-အသိမကင်းကြနဲ့ ဟု တရားထိုင်နေကြ သော ယောဂီများကို အမြဲတစေ သတိပေးလေ့ ရှိပါသည်)။

(၁၅) သတိမြဲမြံနသဖြင့် စိတ်အတော်အတန် တည်ငြိမ်၍ 'သမာဓိ' ရလာသောအခါ 'ပညာ'နှင့် ဘောင်ချိန်ရပါမည်၊ နှာသီးဝ၌ အသိကပ်၍ 'တွန်း ကဲ့သဘော' 'ကန်တဲ့အခြေအနေ' ရှုမှတ် ဆင်ခြင်နေရာ၌

နှာသီး၀ အမာခံကပယထိ၀ါတ်သဘော၊ နှာသီး၀၌ စိုစိုထိုင်းထိုင်းကလေးကို သိရတာက အာပေါ၀ါတ်သဘော၊နှာသီး၀၌ ပူပူနွေးနွေးကလေးကိုသိရတာက တေဇော၀ါတ်သဘော၊ နှာသီး၀၌ ယိထိပြီး တွန်းကန်နေတဲ့ သဘောကို သိနေတာက ၀ါယောဓါတ်သဘော၊ ဤဓါတ်ကြီး လေးပါးသာ ထင်ထင်ရှားရှား ရှိနေတာ တွေ့ရမယ်၊ ဒီဓါတ်ကြီးလေးပါးကလဲ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့၊ မမြဲ၊ ဆင်းရဲစွာလှ စိုးမရတဲ့ မဟာဘူတ် ဓါတ်ကြီးလေးပါးဘဲ၊ ဒီဓါတ်ကြီးတွေကလဲ ဓါတ်သဘော၊ ဓါတ်ဆောင်နေတာဘဲ၊ အကြောင်းအကျိုး တရားတွေဘဲလို့ သိလျှင်၊မြင်လျှင်၊ထင်လျှင်၊ငါ-သူ၊ယောကျာ်းမိန်းမ၊ ယောဂီဝသဖြင့် မတွေ့တော့၍ အတ္တစွဲသက္ကာယဒိဋ္ဌိကွာလေတော့သည်၊ အပါယ်တံခါး ပိတ်တော့သည်။

(၁၆) ထိုမှ တဆင့်တက်၍ 'ကန်တဲ့သဘော' 'တွန်းတဲ့သဘော' ၀ါယောလေဓါတ်၊ ရုပ်ပရမတ်ဖြစ်တဲ့ 'ရုပ်' ကို—

(က) ဆင်ခြင်ပြန်သော် ရုပ်ဟောင်းတွေ ကုန်ကုန်သွား၊ ပျောက်ပျောက်သွားတာက အနိစ္စတရားဘဲ၊ သန္တတိဖြင့် အစဉ်ဖုံးလွှမ်း၍ နေသောကြောင့် သင်္ခါရတို့၏မပြတ်ဖြစ်ပျက်နေသည်၏အဖြစ်ကိုနှလုံး

WWW.DHAMMARANSI.COM



မသွင်းနိုင်သဖြင့် အနိစ္စလက္ခဏာ ကောင်းစွာ မထင်နိုင်ဘဲ ဖြစ်နေ၏။ အနိစ္စာနုပဿနာ ဉာဏ်ပေါ်လျှင်တော့ မြဲသည်ဟု မှတ်ထင်သော နိစ္စသညာ ပျောက်သည်။

(ခ) နောက်ရုပ်အသစ်တွေ ထပ်ထပ်ပြီး ဖြစ်နေတာက ဒုက္ခတရားဘဲ၊ အဖြစ်အပျက်တို့ဖြင့် ညှာတာမပက်၊ အမြဲမပြတ် နှိပ်စက်၍ နေသည်ကို နှလုံးမသွင်းသည့်အတွက် ဣရိယာပုတ် ဖြင့် ဖုံးလွှမ်း၍နေသောကြောင့် ဒုက္ခလက္ခဏာ ကောင်းစွာ မထင်နိုင်သည်ဖြစ်တော့၏။ ဒုက္ခာနုပဿနာဉာဏ်ပေါ်လျှင်တော့ဖြင့် ချမ်းသာသည်ဟု မှတ်ထင်သော သုခသညာ ပျောက်သည်။

(ဂ) ထိုထိုရုပ်တွေဟာ ပြောင်းလဲ-ပြောင်းသွဲ့ ပေါက်ပြန် နေတယ်ဆိုတာ အနတ္တတရားဘဲ၊ အနတ္တလက္ခဏာ သည် ဓါတ်ကြီးလေးပါးကို ခွဲခြားဝေဖန်၍ မရှုခြင်း၊ ရုပ်လက္ခဏာ သဘာဝ၊ နာမ်လက္ခဏာ သဘာဝတို့ကို သဘောမပေါက်ခြင်းကြောင့် အတုံးအခဲ တည်းဟူသော ဃနသညာ ဖြင့် ဖုံးလွှမ်း၍ နေသဖြင့် ကောင်းစွာ မထင်နိုင်သည်ဖြစ်၏။ အနတ္တာနုပဿနာဉာဏ် ပေါ်လျှင်တော့ ‘ရုပ်အနတ္တ’ ‘နာမ်အနတ္တ’ တို့ကို ကိုယ်တိုင်မြင်၍၊ အစိုးရသည်၊ ပိုင်ဆိုင်သည်၊ အလိုသို့ လိုက်ဘတ်သည်၊ ငါဟုတ်သည်း

WWW.DHAMMARANSI.COM



သတ္တဝါဟုတ်သည်ဟု မှတ်ထင်သော 'အတ္တ'သညာ ပျောက်သည်။

ပရမတ္ထ ရုပ်ဘာသား အပေါင်းဟာ စင်ဝစ်မှာ ပြောင်းလွဲ-ပြောင်းလွဲ ဖေါက်ပြန် နေတယ်ဆိုတဲ့ 'ရုပ်လက္ခဏာ' သဘာဝ သဘောတရားတွေကို ပိုင်အောင် ရှုမှတ်ဆင်ခြင်နေရမည်။

(၁၇) ထိုရုပ်တရားများ တခုပြီးတခု ပြောင်းလွဲဖေါက်ပြန်နေရာ၌ လိုက်လိုက်ပြီး အာရုံညွှတ်၍ ဒုက္ခ သုခခံစားတဲ့တရားက'နာမ်လက္ခဏာသဘာဝ'ပါဘဲ။ ခံစားပြီ တော့လဲ ပျက်တဲ့ သဘောတရားသာ ရှိဘယ်လို့ ပိုင်အောင် ရှုရမယ်။

ဤသို့ ရှုဖန် များ လတ် သော် 'သမာဓိ'အား ကောင်းသလောက် မိမိခန္ဓာ၌—

(၁) ရှုရှိုက်နေတာကသပ်သပ်၊

(၂) ပြောင်းလွဲ ဖေါက်ပြန်နေတဲ့ ပရမတ္ထ'ရုပ်' တရားတွေကသပ်သပ်၊

(၃) အာရုံသို့ညွှတ်ပြီး ခံစားနေတဲ့'နာမ်'တရား တွေကသပ်သပ်၊

(၄) မြင်နေတဲ့အဆင်းရုပ် 'အသုဘရုပ်'ကြီးက လဲသပ်သပ် တခြားစီ ဖြစ်နေပြီး၊ ရုပ် နာမ်ကွဲလာ တော့သည်၊ ပကတိစိတ်ကလေးကလည်း 'ကြားကာလ'သို့ ဆိုက်ရောက်၍ အလွန်ကြည်လင်သန့်ရှင်းတည်

ငြိမ်လာပါလိမ့်မည်။ ထိုအခါ စိတ္တာသတိပဋ္ဌာန်နှင့် ဖြစ်နေပါပြီ။

(၁၈) မြင်နေတဲ့အဆင်းရုပ်၊ ပညတ်ရုပ်ပေါ် ရှုကြည့်ဆင်ခြင် သုံးသပ်လျှင် 'အသုဘ' တရားသာ ပေါ်လိမ့်မည်။ **အဆင်းတွေ၊** စိမ်းတာ၊ ဝါတာ၊ နီတာ၊ မဲတာ၊ ဖြူတာတွေ ပေါ်လျှင် ပြောင်းလဲ ဖေါက်ပြန်နေတဲ့ **ရုပ်သဘောကိုရှု။**

တင်းတယ်၊ တောင့်တယ်၊ ထုံတယ်၊ ကျင်တယ်၊ အောင့်တယ်၊ ကိုက်တယ်လို့ နာတာကို မသိနှင့်၊ ဝေဒနာတခုပေါ်လာလျှင် ဝေဒနက္ခန္ဓာလို့ သိ၊ ဝေဒနက္ခန္ဓာက နာမ်၊ နာမ်က တခုပြီးတခု ဝေဒနာကို လိုက်ညှာပြီး ခံစားတတ်တဲ့ နာမ်သဘောကိုရှု။

သဏ္ဌာန်နှတွေ-ဘုရားဆင်းတုတွေ၊ ရဟန္တာတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ ဒကာမတွေ-ဒကာတွေစသဖြင့် တခုခုပေါ်လာလျှင် 'အသုဘ' သဘောကိုသာသိ၊ သူ့သဘောနှင့်သူ ပေါ်လာတာဘဲလို့ သာသိလိုက်၊ အသုဘသဘောကိုသာ နှလုံးသွင်းနေပါ၊ မမှတ်နှင့်၊ မှတ်နေလျှင် ပညတ်ဖြစ်နေမယ်။

'အသုဘ' သဒ္ဒါသည် မတင့်တယ်ဟူသော အနက်ကိုဟောသည်၊ ခန္ဓာကိုယ်နှင့် စပ်၍ သေသည့်အခါ၊ အမျိုးမျိုးဖြစ်ပေါ်လာကတ်သော ပုံသဏ္ဌာန်ဒြပ်ကို 'အသုဘ'ဟုခေါ်ဆိုအပ်၏၊ ၎င်းပုံသဏ္ဌာန်ဒြပ်များမှာ

WWW.DHAMMARANSI.COM



စက်ဆုတ်ဘွယ်၊ ရွံရှာဘွယ်၊ မကြည့်ဝံ့၊ မနှာဘွယ်တရားတွေဘဲ၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးဟောပြောပြထားတဲ့ (၁)ရက်အသုဘမှ (၁၀)ရက်အသုဘ အစရှိတဲ့ အသုဘလက္ခဏာ သဘာဝ တရားတွေဘဲ၊ ရင်းတို့ကိုပွား၍ ထင်အောင်၊ မြင်အောင်၊ သဘော ပေါက် အောင် ရှုကြည့်ရမည်။ အသုဘလက္ခဏာ သဘာဝတရားတွေကို မနှာအမြင်၊ သဘောအမြင်နှင့် မြင်လျှင်၊ ထင်လျှင်၊ စွဲနေလျှင်တော့ 'တဏှာ' သေလိမ့်မယ်။

(ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက 'ခန္ဓာအိမ်ကြီးဟာ ပိုးကောင်အိမ်ကြီး၊ ပိုးကောင်ဌာနကြီး၊ ပိုးကောင် သင်္ချိုင်းကြီးဘဲ၊ ပိုးမျိုး(၈၀)စားသောက်နေတဲ့ခန္ဓာအိမ်ကြီးဘဲ၊ သေလျှင်တော့ ငှက်ပျောတုံး လက်ပံတုံးလို အသုံးမကျဘူ ဆိုရိုးစကား ရှိပေမဲ့ ငှက်ပျောတုံးကမှ မိုးဟင်းခါးထဲထည့်ချက်လို့ရသေးတယ်၊ လက်ပံတုံးကမှ ခုံဘိနပ်ရတ်သို့ အသုံးကျသေးတယ်၊ ဒီခန္ဓာကြီးကတော့ သေပြီးနောက် ဘာမှ အသုံးမကျတော့ဘူး၊ ဘယ်သူကမှလဲ မလိုချင်ကြတော့ဘူး၊ ဒါကြောင့် ဒီခန္ဓာကြီးဟာ လုံးလုံးအသုံးမကျ၊ အနှစ်သာရ ကင်းမဲ့တဲ့ အသုဘတရားကြီး စင်စစ်ဖြစ်တော့သည်ဟု မကြာခဏ အမိန့်ရှိပါသည်)

WWW.DHAMMARANSI.COM



(၁၉) ဤသို့လျှင်=ရုပ်သက္ခဏာသဘာဝ၊
နာမ်လက္ခဏာသဘာဝ၊
အသုဘလက္ခဏာသဘာဝ၊

တရားများအပေါ် ရှုကြည့် ဆင်ခြင် သုံးသပ်နေရာဝယ်'ဝေဒနာ' တခုခုပေါ်လာခဲ့သော်၊ စ-လယ်-ဆုံးကို လိုက်သိ၊ ထို့နောက်အစနှင့် အဆုံးကိုသာသိယောဂီများသိအပ်သော 'ဥပါဒ်စွန်း နှင့် ဘင်စွန်းကိုသာသိလို့ ဆိုလိုတယ်၊ အထူးသဖြင့် ဘင်စွန်းကိုမြင်အောင်ကြည့်လိုက်ပါ၊ သို့မှ အပျက်သာထင်တော့သည့်'ဘင်'၌သာသဲတိတည်လျှင်တော့'ဘင်ဉာဏ်'ဖြစ်ပြီ၊ ဝေဒနာပြင်းလျှင် ပြင်းသလောက် နှာသီးဝကလေကို ပြင်းပြင်း ရှုပေးပါ။

ဥပမာ—ဝေဒနာ(၁°/သား)တက်တယ်ဆိုလျှင်သမာဓိကလဲ (၁°/သား)၊ ဝေဒနာ(၂°/သား)တက်တယ်ဆိုလျှင်သမာဓိကလဲ(၂°/သား)စသဖြင့်ဘောင်ချိန်၍ ဇောတင်ပြီး ရှုပေးပါ။

ဝေဒနာ ပြင်းလာတော့ နှာသီးဖျား ရှုနေတဲ့နာမ်တရားက မနေနိုင်တော့ဘူး၊ သူ့ သဘာဝနှင့်သူဝေဒနာကို သွားရှုလိုက်တယ်၊ ဒါပေမဲ့ နာမ်ကဒုက္ခဝေဒနာကို မခံစားချင်ဘူး၊ မခံစားချင်တော့ နှာသီးဝ ပြေးကပ်တယ်၊ နှာသီးဝမှာထားလဲမနေ၊ နာမ်

WWW.DHAMMARANSI.COM



ကဝေဒနာကို ပြေးပြီးသိပြန်တယ်၊ ဒီတော့မှ ငါ့စိတ်ကလေးဟာ ငါသွားရာမှာ မနေဘော့၊ ငါလဲမပိုင်ပါကလား၊ ငါပိုပြင်လို့ လဲမရပါလား၊ သူ့အဘောသူဆောင်နေတဲ့ ရုပ်ခမ္မ နာမ်ခမ္မ ပါကလားဟု 'အနတ္တာနုပဿနာဉာဏ်' ပေါ်လာမယ်၊ ဝေဒနာ ပြင်းထန်သောကြောင့် ရှေ့စိတ်ကပျက်၍ဇောတ်ချင်သောလျှင် နောက်စိတ်က တွန်းတင်ပေးပါ၊ ဝေဒနာ ပြင်းထန်လာသော တနေရာတည်းကို စိုက်၍ ရှုပါနှင့်၊ ဝေဒနာပေါ်ကို သညာမဖြစ်စေဘဲ၊ တကိုယ်လုံးကို ဖြန့်၍ ရှုပေးပါ၊ ဝေဒနာတခု ပေါ်လာလျှင် ငါ့ပေါင်ကအောင်းတယ်၊ တောင့်တယ်၊ ထုံတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ အောင့်တယ်၊ နာတယ်လို့ မသိလိုက်ပါနှင့်၊ သညာမပေးပါနှင့်၊ စိတ်ကလေးကို ပြောင်းပစ်လိုက်ပါ၊ ခန္ဓာငါးပါးသာ ဖွဲ့ပြီး၊ 'ငါ' ပျောက်အောင်ရှုပါ၊ ဝေဒနာတခု ပေါ်လာလျှင် ဝေဒနက္ခန္ဓာလို့ သိလိုက်ပါ၊ ဝေဒနက္ခန္ဓာက 'နာမ်' လို့ ဘုရားဟောတယ်၊ 'နာမ်'စိတ်ကို ပြောင်းလိုက်ပါ၊ ဝေဒနာတခုပေါ်လာလျှင် နာမ်ကလိုက်ညွတ်ပြီး ခံစားတတ်တဲ့ သဘောသဘာရှိသဖြင့် ဝေဒနက္ခန္ဓာ လို့ သိလိုက်ပါ၊ အမှတ်သညာပေးနေတာက သညက္ခန္ဓာ၊ ပြုပြင်ပေါင်းစုစီရင်ပေးနေတာက 'သင်္ခါရက္ခန္ဓာ' သိမှုကလေးကတော့ သိပြီးပျက်တဲ့ သဘောမျှသာရှိတာ

WWW.DHAMMARANSI.COM



က 'ဝိညာဏက္ခန္ဓာ'၊ အချမ်း အပူ အစရှိသည်တို့ကြောင့် ဖြောင်းလွဲ-ဖြောင်းလွဲ ဖေါက်ပြန်နေတဲ့ ပရမတ္ထ ရုပ်တရားတွေက 'ရူပက္ခန္ဓာ'၊ ဤသို့လျှင် ခန္ဓာငါးပါးဖွဲ့လိုက်ပြီး၊ ရုပ်နှင့် နာမ်သာ ရှိတော့တယ်ဟူ၍ 'ငါ'လွတ်သွားအောင် ရှုမှတ်ဆင်ခြင်ပါ။

(သို့မို့ ကြောင့်ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ခန္ဓာငါးပါးသာ ဖြစ်တယ်၊ ခန္ဓာငါးပါးသာ ပျက်တယ်၊ 'ဝေဒနာ' ကိုသက်နှင့်ကိုင်ပြီလို့ လဲမရဘူး ငါနာတယ်၊ ငါ့ခေါင်ကတင်းတယ်၊ တောင့်တယ်၊ ကိုက်တယ်၊ အောင့်တယ်ဆိုရအောင်လဲ၊ 'ငါ'မှမရှိဘဲ ဟာဘဲ၊ မရှိတာမသိနဲ့၊ ရှိတာကိုသာသိ၊ အမှန်ရှိတဲ့ သဘောတရား တွေကိုသာ ရှုမှတ် ဆင်ခြင်ရမယ်လို့ အမိန့်ရှိပါတယ်)။

အမှန်မြင်၊ အမှန်သိ၊ အမှန် ထင်လျှင်တော့-နိစ္စ၊ သုခ၊ အတ္တ၊ သုဘအနေအားဖြင့် နှလုံးသွင်းမှုဟုဆိုတဲ့ မှားသောအားဖြင့် ယူစွဲခြင်းဆိုအပ်သော 'အယောနိသော မနသိကာရ' မဖြစ်တော့ဘူး။

(၂၀) တွန်းတဲ့သဘော၊ ကန်တဲ့သဘော လက္ခဏာသည်၊ အကြောင်းမဲ့ ဖြစ်ပေါ် လာတာမဟုတ်၊ သူ၏အကြောင်းက 'စိတ်'ပါဘဲ၊ 'စိတ်'အကြောင်းခံ၍ 'တွန်းတဲ့သဘော၊ ကန်တဲ့သဘော' လက္ခဏာရှိသော

'စိတ္တဇဝါယောချုပ်' အကျိုးသည် ဖြစ်ပေါ်လာ၏၊ အကြောင်းအကျိုးဖြစ်တယ်ဆိုတဲ့တရားပါဘဲ (ပဋိစ္စသမုပ္ပါဒ်တရားလဲ အကြောင်းအကျိုးတရားဘဲ ခန္ဓာငါးပါးလဲ အကြောင်းအကျိုးတရားဘဲ၊ သစ္စာလေးပါးလဲ အကြောင်းအကျိုးတရားဘဲ၊ ဝေါဟာရကြီးလေးပါးလဲ အကြောင်းအကျိုး တရားဘဲ၊ တလောကလုံး အကြောင်းအကျိုးတရားတွေသာ ရှိတယ်လို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဟောပါသည်)။

အကြောင်းအကျိုး တရားတွေကိုသာ အမှန်အတိုင်း မြင် လာ ကြ လျှင် တော့၊ ငါ သူ တ ပါး ယောကျ်ား-မိန်းမ ယောဂီ စသည် မရှိဘာ သိသာ လိမ့်မယ်၊ အနိစ္စ ဒုက္ခ-အနတ္တ-အသုဘ အနေအားဖြင့် နှလုံးသွင်း မှန်မှန်ရှုပြင် နေခြင်းသည် ယောနိသော မနသိကာရ ဖြစ်နေပြီ၊ ဤသို့လျှင် အမှန်အတိုင်းမြင်၊ အမှန်အတိုင်းသိ၊ အမှန်တိုင်းထင်သဖြင့် 'အတ္တ စွဲ ပြုတ်သွားသဖြင့် ယထာဘူတဉာဏ် ဖြစ်ပေါ်လာတော့သည်။

(၂၁) ဝိပဿနာအလုပ်၌ ပဌမ အရေးအကြီးဆုံး အချက်က 'သဒ္ဓါစိတ်'ပါဘဲ၊ သဒ္ဓါရှိမှဝီရိယရှိမည်၊ ဝီရိယရှိမှသတိရှိမည်၊ သတိရှိမှသမာဓိမြဲမည်၊ သမာဓိမြဲမှ ပ ညာ ဖြစ် မည်၊ 'သဒ္ဓါ'သည် ပကတိသဒ္ဓါ၊

WWW.DHAMMARANSI.COM



ဘာဝနာသဒ္ဓါဟူ၍နှစ်ပါးရှိ၏၊ ဗောဓိပက္ခိယအရာ၌ 'ဘာဝနာသဒ္ဓါ' ကိုသာ လိုအပ်၏၊ ဘာဝနာသဒ္ဓါ ဆိုသည်မှာ။

ထွက်သက်-ဝင်သက် ကမ္မဋ္ဌာန်း အလုပ် အစရှိသော ဘာဝနာအလုပ်၌ အရိုးကြေကြေ အရေခမ်းခမ်း၊ အားသွန်ခွန်စိုက်၊ ကြိုးပမ်းလေအောင် ပျိုးထောင်ထားအပ်သော 'သဒ္ဓါ'သည် ဘာဝနာသဒ္ဓါ မည်သည်။ ဤဘာဝနာ သဒ္ဓါကို ဗောဓိပက္ခိယ အရာ၌ 'သဒ္ဓိန္ဒြေ' ဟု ဆိုသည်။ ကာယဂတာသတိစွဲ၍ ထွက်သက်-ဝင်သက်စသော မိမိကိုယ်ခန္ဓာထဲ၌ 'စိတ်' ကိုမြဲအောင် ထားနိုင်လျှင်ပင် ဘာဝနာသဒ္ဓါကို ရပြီဟု မှတ်ရမည်။

ပကတိသဒ္ဓါကား-ဒါနမှု၊ သီလမှု၊ သမထမှုတွေနှင့်ဖြစ်၍နေသော သဒ္ဓါစိတ်ကို ဆိုသည်၊ ဤသို့လျှင် 'သဒ္ဓါ'နှစ်မျိုး ပကတိသဒ္ဓါနှင့် ဘာဝနာသဒ္ဓါတို့ကို ခွဲခြားရှုသိအပ်၏။ ထို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက-

(ဗိုလ်ငါးပါးလက်ကိုင်ထားပြီး ဒါယကာကြီးတို့ ဒါယိကာမကြီးတို့ မနားမနေ ကြိုးစားကြ တကယ်ကြိုးစားကြလျှင်၊ ဆရာမှာသည့်အတိုင်း လုပ်ကြလျှင်တော့ တရားဆုံးတရားမြတ် တွေ ရကြ လိမ့်မယ်၊

WWW.DHAMMARANSI.COM



တထိုင်ထဲနှင့်လဲ သောတာပန်တည်နိုင်တယ်။ ယုံယုံကြည်ကြည် 'သဒ္ဓါ' စိတ်နှင့် အားထုတ်ကြ)ဟူ၍ ကောင်းစွာ ဟောကြားတော်မူပါပေသည်။

သံသရာဝဋ်ဒုက္ခဘေး၊ လွတ်လိုရေးနှင့်၊ မြွေဘ်တွေး ကြောက်ခြောင်းသူတော်ကောင်းအပေါင်းတို့၊ထက်မြက်သော'သဒ္ဓါ'စိတ်ဖြင့်ကြိုးစား အားထုတ်နိုင်ကြပါစေသော်–

## ကိလေသာ အမြင် မဝင်ရန်
## 'ငါ' စင်အောင်ရှုကြပါကုန်

အမှန်လေးပါး၊ တရားကိုရှာ၊ မျှားဗိုလ်ပါတို့၊ ငါ–ငါ–ငါ့ကိုယ်၊ မဆိုစသာ၊ ဉာဏ်ခန္ဓာကို၊တဏှာဒိဋ္ဌိမာနငြိ၍၊ဟုတ်လိမ့်နိုးနိုး၊ ဆင်ကန်းတိုးသို့၊ အားမကိုးလင့်၊ ကြောင်းကျိုးအစဉ်၊ဝိညာဏ်နာမ်–ရုပ်၊ ဖြစ်ချုပ်မပြတ်၊ 'ဥပါဒ်–ဌီ–ဘင်' အစဉ်အလာ၊ သခါရာမှု၊ ပမာပြုသော်၊ သူ့သဘာဝါ၊ သံသရာမှာ၊ခန္ဓာမီးခိုးတိမ်ရုပ်မျိုးတည့်၊ တစိုးတစိ၊မြဲမရှိဘူး၊ ဖြစ်မိဖြစ်ရာ၊ သူ့ဘာသာလိုက်၊ ခါခိုက်တန့်မှု၊ ခဏဖြစ်စဉ်၊ မိုဃ်းကောင်းကင်၌၊ ခုဆင် ခုမြင်း၊ ရွှေ့ရွှေ့ယွင်းလျက်၊ ကြည့်တွင်းမမှန်၊ ဉာဏ်ရုပ်–နာမ်တို့၊ ပြောင်းလွဲတုံဘိ၊ လေလိုက်အိသို့၊ ခဏိကမှ အနိစ္စနှင့် ဒုက္ခအစု၊ ပုပ္ပရွှ

WWW.DHAMMARANSI.COM



အနတ္တသာ၊ သဘာဝ ါကို၊ ခန္ဓာသမုတ်၊ နာမ်-ရုပ်၊ နှစ်ဖြာမှတ်စရာမှာ သတ္တဝါနှင့် 'ကိုယ်'၊ 'ငါ'မစပ်၊ အိပ်မက်အပ်သည့်၊ တံလျှပ်သဘွယ်၊ အနည်းငယ်မျှ၊ 'ဓုဝ' 'သုဘ' 'သုခ' 'အတ္တ' ရှာမရသည့်၊ ဘာဝတရား 'ပြောင်းလွဲ-ဖေါက်ပြန်' သဘော လက္ခဏာမျှသာ လျှင်ကတည်း။

## စိစဉ်ရေးသားသူ၏ ဆုတောင်း

ဤသို့ အကျိုးအာနိသင်နှင့် ပြည့်စုံသော သဲအင်း ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် မိမိခန္ဓာ၌ ရှာဖွေခဲ့ရှိထားသော ရုပ်-နာမ်တို့၏သဘောသဘာဝ တရားထူး တရားမြတ်တို့ကို ကမ္မဋ္ဌာန်း၌ အလိုရှိသူတို့ ကြည့်ရှုဆင်ခြင်ပွားများစေခြင်းငှာ အခါသင့်၍ပွင့် သော 'ကုမုဒြာကြာ' ကဲ့သို့ ကျေးဇူးရှင် ဆရာမြတ်မှ ရအပ်သော နည်းဥပဒေတို့ဖြင့် ပွင့်လန်းသော ထူး မြတ်သည့်ဝိပဿနာပညာအနှစ်အရသာအဆီအသား များကို ကောင်းနိုးရာရာ ရွေးချယ် ထုတ်နုတ်၍၊ စီရင်ပြုစုရသော ကောင်းမှုကံ စေတနာ အဖြာဖြာ တို့ကြောင့်၊ ကျွန်ုပ်သည် ယခုပစ္စုပ္ပန်ဘဝ၌ပင်လျှင် တရားထူးတရားမြတ်များကို ရရှိ၍ 'နိဗ္ဗာန် ပရမံ သုခံ'

WWW.DHAMMARANSI.COM



ဟု ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ 'ဝိမုတ္တိသုခ' တဏှာလွတ်၊ ဝေဒနာလွတ်၊ သင်္ခါရချုပ်လှယ်မှုလွတ် အလွတ်ကြီး လွတ်သဖြင့် အတုမဲ့ ချမ်းသာစင်စစ် မှန်သော နိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် ရောက်ရ ပါလို၏။

အကယ်၍ နိဗ္ဗာန်သို့ မရောက်ရသေးသည်ရှိသော် ထိုထိုနောင်လာ သံသရာ၌၊ ကျင်လည် ရပြားလည်း အကျွန်ုပ်သည် တိဟိတ်ဉက္ကဋ္ဌ ပဋိသန္ဓေ နေရသည် ဖြစ်၍ နက်နဲ ကျက်ခဲသော ဂမ္ဘီရပညာ၊ လျှင်မြန် သော ဇဝနပညာ၊ ရွှင်လန်းသော ဟာသပညာ၊ မြေကြီးအဆုနှင့် တူသော ပုထုပညာ၊ ဝဇီရ စိန် လက်နက်ကဲ့သို့ ထက်မြက် လှစွာသော တိက္ခပညာ၊ အရှိသော ဝိဇ္ဇာဉာဏ် အပေါင်းနှင့် ပြည့်စုံသည် ဖြစ်၍ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် သုံးပါး သော သံသရာဝဋ်တို့မှ မချွတ်မယွင်း ရှင်းရှင်း လွတ် လွယ်ပါစေသော်။

မေ-အကျွန်ုပ်သည်၊ ယံပုည-အကြင် 'သဲအင်း ဒေသနာတရားစာ' ကျမ်းပြုစုရခြင်း ကောင်းမှုကို သုလဒ္ဓံ-ကောင်းစွာ ရအပ် သည်သာလျှင်တည်း၊ တံပုည-ထိုကျမ်းပြုစုရခြင်းကောင်းမှုကို၊ သာဓဝေ

WWW.DHAMMARANSI.COM



ယောဂီ အ ပေါင်း သူ တော် ကောင်း တို့ သည်၊ မောဒယန္တ-ဝမ်းမြောက်ကြစေကုန်သတည်း။

သဗ္ဗသတ္တာနံ-ခပ်သိမ်းသော ယောဂီ အပေါင်း သူတော်ကောင်းတို့၏၊ အာသာယ-အလိုဆန္ဒ၊ အာသယတို့သည်၊ပရိပူရေန္တု-ပြည့်စုံကြစေကုန်သတည်း၊

စိစဉ်ရေးသားသူ
ဦးကဝိဓဇ (ယခင်) ဦးနန်းညွန့်
ဗုဒ္ဓသာသနာ့အကျိုးဆောင်၊
တရားယောဂီ
သဲအင်းဂူကျောင်းတိုက်၊
နွှေကုန်းကျေးရွာ။မှော်ဘီမြို့။

သာသနာသက္ကရာဇ် ၂၅၁၂။
၁၃၃၀ ခု၊ တော်သလင်းလွှန်း(၁၁)ရက်။
တနင်းလာနေ့။
၁၉၆၈ ခု၊ စက်တင်ဘာလ(၂)ရက်နေ့။

WWW.DHAMMARANSI.COM

# နိဂုံး

အမှာကံ-ခန္ဓာ-နာမ်-ရုပ် အကျွန်ုပ် တို့၏။ ဣဒံ ပုညံ၊ ဤသို့ ကြောင်းပြု ဤ ဓမ္မဒါန ကောင်းမှု သည်။ အာသဝက္ခယံ၊ အာသဝေါလေးဖြာ ချုပ် ငြိမ်းရာဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို။ ဝဟံဝဟံတော၊ မုချပိုင်ပိုင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ မလွဲမသွေ ဖြစ်ပါစေသတည်း။

ဣဒံပုညဘာဂံ၊ ဤသို့ကောင်းမှုဖို့အစုကို။ မာတာ ပိတုနဉ္စ၊ ကျေးဇူးကြီးလှ မိနှင့်ဘတို့အားရင်း၊ အာစရိ ယာနဉ္စ၊ ဆုံးမသွန်သင်၊ ဆရာရှင်တို့အားရင်း။ မိတ္တာ နဉ္စ၊ ကောင်းမကောင်းကို လမ်း ကြောင်း ပေးတတ် အဆွေခင်ပွန်းမြတ်တို့အားရင်း။ ညာတိနဉ္စ (ညာတကာ နဉ္စသင်္ဂဟော) ကျမ်းဂန်ဟောကြား ဆွေမျိုးများ အားရင်း။ သာသနရက္ခဒေဝတာနဉ္စ၊ သာသနာ တော်ကို စောင့်ကြပ်သမ္မာဒေဝ နတ်ကောင်းနတ် မြတ်တို့အားရင်း။ ဇေကတ္တို သဘာဝေ၊ သုံးဆယ့်တဘုံ၌ စရန္တာနံ၊ ရပ်တည်မနား ပြေးလွှား ကြ ကုန် သော

WWW.DHAMMARANSI.COM



သဗ္ဗသတ္တာနုဋ္ဌ၊ ကြင်းမဲ့ ဥဿုံ အလုံးစုံသော သတ္တဝါ
တို့အားရင်း။ ဘာဝေဇမ၊ သဒ္ဒါပြုဖွေး အမျှပေးပါ
ကုန်၏။ အမေ့ဟိ၊ အဝိဇ္ဇာပြုတ်၊ အကျွန်ုပ်တို့နှင့်။
သမံ၊ လူ့ဒါန်း သူ့အလားမထူးခြားသော။ ပုညဘာဂံ၊
ကုသိုလ်ကောင်းမှု ဖို့အစုကို။ လဘန္တု၊ ရကြပါစေ
ကုန်သတည်း။

---

ဓမ္မဒါန ပြုသူ
သဒ္ဒါကြည်လင် ပါရမီရှင်များ။

၁၀၇၈၃

WWW.DHAMMARANSI.COM

# တရားထူးရလိုသော်စာမူကို လှူဒါန်းခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်မက၊ ကမ္ဘာပြန့်၍ နေလို-လလို ထင်ရှားကျော်စောတော်မူသော ကျေးဇူးတော်ရှင် သဲအင်းဆရာတော် ဘုရားကြီး၏ သဲအင်း သာသနာ နေရောင်-လရောင်ပမာ၊ နေရာမလပ် ပျံ့နှံ့၍ကြီးမားသော အကျိုးကျေးဇူးပွားများစိမ့်သောငှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တဝှမ်းလုံးရှိ၊ လုပ်သား ပြည်သူလူထုအရပ်လုံးအား "တရားထူးရလိုသော်" ဝ မ္မ ဒါနပြုသည့် သဲအင်း-ဒေသနာတရားစာ ယောဂီလက်စွဲ"၏စာမူကိုလှူဒါန်းပါသည်။

မည်သည့် မြို့ရွာဒေသ၊ မည်သည့် အသင်းအဖွဲ့မဆို၊ လုပ်သာ ပြည်သူလူထု မည်သူမဆို အလိုရှိပါက၊ တဆင့်တဆင့် ပုံနှိပ်ပြီး၊ ကျယ်ပြန့်စွာ ဖြန့်ဖြူး၍ သာသနာပြုကြပါရန် လေးနက်စွာ မေတ္တာရပ်ခံလိုက်ပါသည်။

မဟာပါလကျောင်း၊
သဲအင်းဂူကျောင်းတိုက်၊ မော်ဘီမြို့။

WWW.DHAMMARANSI.COM

# ဓမ္မဒါနပြုလိုသူများ

ယခု "သဲအင်း-ဒေသနာတရားစာသည်၊ ထပ်မံ၍ အနည်းငယ် ဖြည့်စွက် သုတ်သင်ပြီး၊ ပဋ္ဌမအကြိမ်မြောက်ပုံနှိပ်ခြင်း ဖြစ်ပါသည်။

ဤသဲအင်း-ဒေသနာ မြတ်ကျမ်းစာကို တအုပ်လျှင်ပြား(၅၀)မျှနှင့် လုပ်သားပြည်သူအပေါင်း နည်းများမသိ လွယ်လင့်တကူ ရရှိနိုင်ရန်၊ ဓမ္မဒါနပြုနိုင်ရန်" နဝဒေးစာပုံနှိပ်တိုက်က" သဲအင်း-သာသနာ ပြန့်ပွားရန် အဓိကရည်ရွယ်ချက်ဖြင့် အဆင်သင့် ရိုက်နှိပ်ထားရာအရှိသူများ-

နဝဒေးစာပုံနှိပ်တိုက်

အမှတ်(၁၃)၊ နတ်ဝင်လမ်း၊

ကျောက်မြောင်းရပ်၊

တာမွေစာတိုက်၊

ရန်ကုန်မြို့။

ဖုံး-(၅၁၂၇၉) တွင် စုံစမ်းပါ။

WWW.DHAMMARANSI.COM

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (၃၆၁၁)

ပဋ္ဌမအကြိမ်-ဖြည့်စွက်ပြင်ဆင်ရိုက်နှိပ်ခြင်း။
အုပ်ရေ—၅၀၀၀။

၁၉၆၉-ခု၊ နိုဝင်ဘာလ။

၁၃၃၁-ခု၊ တန်ဆောင်မုန်းလ။

ပုံနှိပ်ထုတ်ဝေသူ ပွင့်လင်းစာပေ၊ နဝဒေးပုံနှိပ်တိုက်၊
၁၃၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။
ဦးမြင့်သိန်း၊ (၀၂၅၈-၀၁၅၀)က ပုံနှိပ်ထုတ်ဝေ
သည်။
(ဖုန်း-၅၁၂၈၉)။

WWW.DHAMMARANSI.COM

အထွေထွေပုံနှိပ်လုပ်ငန်းများနှင့်

စာအုပ်စာတန်းများကို

စိတ်တိုင်းကျပြုလုပ်ပေးနေသော

## နုဝဓဒးစာပုံနှိပ်တိုက်

နှင့် ဆက်သွယ်ပါ။

အမှတ် ၁၃-နတ်စင်လမ်း၊ ကျောက်မြောင်းချပ်
(တာမွေ စာတိုက်) ရန်ကုန်မြို့။

သို့မဟုတ်-

ဖုံး-နံပါတ်-၅၁၂၇၉ ကိုလှည့်ပါ-

WWW.DHAMMARANSI.COM

နိဗ္ဗာန်ကိုရည်မှန်း၍

ဓမ္မဒါနပြုသူ

သဒ္ဓါကြည်လင်၊ ပါရမီရှင်များ။